ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (29-3-2004) (၄၁၉၀)

ဝိရတီ ပါပါ
တော် မင်္ဂလ မုတ္တမံ။

မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ထုတ် ခေါင် ရေ

၁၉၆၈၄၅

နိုင်ငံတော်တွင် ခေတ်မီသည့် ကာကွယ်ရေးစွမ်းအားရှိမှသာ အချုပ်အခြာအာဏာကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်မည်

နိုင်ငံတော်မှာ ခေတ်မီတဲ့ ကာကွယ်ရေးစွမ်းအားရှိမှသာ အချုပ်အခြာအာဏာကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာ အချုပ်အခြာအာဏာကို ချစ်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ အတတ်ပညာရှင်တွေဟာ တာဝန်သိစွာနဲ့ တပ်မတော်ကို အင်အားရှိအောင်၊ ခေတ်မီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြတာကို တွေ့ရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီ အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် တက်ရောက်ချီးမြှင့်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

စုံညီအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၉-၃-၂၀၀၄
(တနင်္လာနေ့)

သွင်းကုန်အစားထိုးစက်ရုံများတိုးချဲ့တည်ဆောက် အရည်အသွေးမီကုန်ပစ္စည်းများစွမ်းအားပြည့်ထုတ်လုပ်

နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုနိုင်ငံတော်အဖြစ် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလသည် နိုင်ငံတော်က စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များဖြစ်သော ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးပွားရေး၊ ပြည်ပကုန်သွယ်ရေး ချိန်ခွင်လျှာ မျှတအကျိုးရှိစေရေးစသည့် မျှော်မှန်းချက်များထားရှိဆောင်ရွက်နေချိန်ဖြစ်သည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသောကုန်ထုတ်လုပ်မှု ကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကိုလည်း နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၂၁ ရက်နေ့က စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁)က မုံရွာစက်မှုဇုန် အစည်းအဝေးခန်းမ၌ မုံရွာစက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **မုံရွာစက်မှုဇုန်သည် ဒေသအခြေအနေအရ ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည့် စက်မှုဇုန်ဖြစ်သည့်အတွက် နိုင်ငံတော်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မုံရွာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၌ လက်ရှိတပ်ဆင်ထားသော စက်အင်အားများကို အပြည့်အဝ လည်ပတ်ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း** မှာကြားခဲ့သည်။

မုံရွာစက်မှုဇုန်တွင် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် သံရည်ကျို၊ ပုံဖိ၊ ပုံလောင်းစက်ရုံများကို ထူထောင်မည်ဖြစ်ရာ လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် အကျိုးရှိရှိ အသုံးချနိုင်ရေး ကြိုတင်စီစဉ်ထားကြရမည်ဖြစ်သည်။ အဆိုပါသံထည်လုပ်ငန်း အခြေခံများထူထောင်ပြီးပါက သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများထုတ်လုပ်သော စက်မှုလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်သည်။

မုံရွာစက်မှုဇုန်တွင် မော်တော်ယာဉ်ငယ်အမျိုးမျိုး၊ ရေယာဉ်ပန်ကာအမျိုးမျိုးနှင့် အမြန်ရေယာဉ်၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ လူသုံးကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ထုတ်လုပ်လျက်ရှိသည်။ အဆိုပါ စက်မှုနယ်မြေတွင် ဘိလပ်မြေစက်ရုံ၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ စက်ဘီးစက်ရုံ၊ ပလတ်စတစ်စက်ရုံများက ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။

ထို့အပြင် ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနကလည်း မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံကို တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ အဆိုပါ စက်ရုံတွင် အလုပ်ရုံအလိုက် လက်တွန်းထွန်စက်၊ စပါးရိတ်စက်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အများပြည်သူ သုံးစွဲနိုင်သောပစ္စည်းများ၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်ရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်ကြရန်နှင့် အရည်အသွေးမီ ကုန်ပစ္စည်းများ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အစီအစဉ်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲ ကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ကျော် စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုလေ့လာကြသည်။

ပေးအပ်ချီးမြှင့်

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဧပြီ ၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂၈

၂၀၀၄ခုနှစ် မတ်လ ၂၈ရက်နေ့ မြန်မာစံတော်ချိန် ၀၁ နာရီမှ ၂၁မိနစ် ၃၀စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၃၂၈မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။

မိုးကြယ်ပွင့်များ

☆ ပိတောက်ရိပ်ညို၊ မိခင်ပျို၌
ကွန်းခိုအားသစ်၊ သားရင်နှစ်တို့
စစ်ပညာသင်၊ ပြည့်ဝလျှင်သော်
စစ်ဆင်စိမ့်ငှာ၊ တို့ခွဲခွာသည်
ကာလကြာရှည်ခဲ့လေပြီ။

☆ အချို့တို့မှာ
ရဲစွာဆင်နွှဲ၊ အောင်သည့်ပွဲကြောင့်
အံ့အဲမကုန်၊ သတင်းဝုဏ်နှင့်
ပြည့်စုံခဲ့ကြ၊ ချီးမြှောက်ကြသော်
သူရ သူရဲကောင်း၊ ဘွဲ့မည်လောင်းသည်
သားကောင်းဇာနည် ပီလှတကား။

☆ အချို့တို့မှာ၊ ခန္ဓာခြေလက်
ပေးဆက်အပ်နှင်း၊ ပြည့်ရန်ရှင်းကာ
ကြွင်းကျန်ခြေလက်၊ တစ်ဖက်ဖက်ဖြင့်
အားတက်ဆဲသာ၊ စွမ်းရာရာတွင်
ပါဝင်တက်ကြွ၊ လုပ်အားပြသည်
အာဂဇာနည် မွန်ပါတကား။

☆ အချို့တို့မှာ
တောင်ပြာတောတန်း၊ အဆန်းဆန်းနှင့်
တောလမ်းခွေကောက်၊ ကမ်းပါးချောက်၌
မကြောက်စွန့်စား၊ ယမ်းငွေ့ကြားဝယ်
ဝင့်ကြွားလျက်သော်၊ တိုက်ပွဲပျော်သည်
ရဲဘော်ဇာနည် ပီလှတကား။

☆ သြော်…နွေဦးကာလ၊ ညတစ်ည၌
မိုးဝထွန်းလင်း၊ ကြယ်ပန်းခင်းကို
ရှုရင်းငါ့ဝယ်၊ အတွေးကြွယ်သည်
ဘယ်ဆီဘယ်မှာ၊ ဘယ်နေရာဟု
တို့မှာဒေသ၊ ကွာခြားကြလည်း
မိုးဝငွေကြယ်၊ ပမာနှယ်လျှင်
တင့်တယ်လျက်ပေ၊ တို့တစ်တွေကား
ကြွေလည်းရဲရဲ၊ နေရဲရဲတည့်
သေရဲ တိုက်ရဲ၊ စွန့်လွှတ်ရဲ၏
တိုက်ပွဲတစ်ထောင်၊ အောင်ပွဲတစ်သန်း
အောင်ပန်းကုဋေ၊ ခူးဆွတ်ခြွေမည်
သေလိုသေလော့ တို့မမှု။
အမိမြေတွက် တို့ရှေးရှု။
လေးချက်ခိဋ္ဌာန် ငါတို့ပြု။ ။

မြင်းမူမောင်နိုင်မိုး

ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်၊ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်



အီရတ်စစ်ပွဲ၏ အကျိုးဆက်တစ်ရပ်အဖြစ် အများပြည်သူဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများ၊ ဆေးပေးခန်းများနှင့် အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့ရသည်။ **စစ်ကာလအတွင်း ဗုံးကြဲခံခဲ့ရသော မြို့တော်ဘဂ္ဂဒက်ရှိ အဆောက်အအုံတစ်လုံး ပျက်စီးနေသည်ကို မတ် ၂၆ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၂၇ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်စစ်ယာဉ်တန်းကို ပစ်မှတ်ထားသော ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အရပ်ဘက်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂၆ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ပြောက်ကျား ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မတ် ၂၇ရက်က ဂျော်ဒန်နိုင်ငံအတွင်းသို့ ဝင်ရောက်သည့် ထရီဘီးလ်နယ်ခြား စစ်ဆေးရေးစခန်းတွင် ခရီးသောင် သေတ္တာများကို အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂၇ရက်က ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန် မရိန်း တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ ကျန်ရစ်ခဲ့သည့် အမေရိကန်စစ်ယာဉ်တစ်စီး၏ အပျက်အစီး အပိုင်းအစများကို ကြည့်ရှုနေကြသည့် အီရတ်ကလေးငယ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ
The Mirror

**အီရတ်
မြင်ကွင်း**

မတ် ၂၇ရက်က မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန် စစ်ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်မြောက်ပိုင်း ရေနံတွင်းကို ခုခံသူများက တိုက်ခိုက်

ဘဂ္ဂဒက်(အီရတ်) မတ် ၂၇

တွန်းလှန်တိုက်ခိုက်ရေးသမားများက အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ရေနံတွင်းတစ်တွင်းအား ဗုံးဖြင့်ပစ်ခတ်ရာ ၂၄ နာရီကြာ မီးလောင်ခဲ့ကြောင်း အီရတ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် အမေရိကန်မရိန်းတပ်ဖွဲ့နှင့် လက်နက်ကိုင်များ သောကြာနေ့က နာရီအတန်ကြာ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသားငါးဦး သေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

မတ် ၂၆ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်မြို့ အနောက်ပိုင်း ၅၅ မိုင်ခန့်အကွာရှိ ခါဗက်ဇ်ဒေသတွင် မြောက်ပိုင်း အီရတ်ကုမ္ပဏီပိုင် ရေနံတွင်း ဗုဒ္ဓဟူးနေ့ညက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ရေနံတွင်း မီးလောင်ကာ ကြာသပတေးနေ့ နောက်ပိုင်းကျမှ မီးငြိမ်းခဲ့ကြောင်းဖြစ် အီရတ်ပြည်သူ့ကာကွယ်ရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြီး မိုဟာမက်အာမင်က ပြောကြားသည်။

ပထမဆုံးအကြိမ်

၎င်းရေနံတွင်း ပေါက်ကွဲမှုမဖြစ်မီက လုံခြုံမှုချထားခြင်း မရှိခဲ့ကြောင်း၊ အနီးကပ် စောင့်ရှောက်မှုလည်း မရှိကြောင်း၊ ယခု ရေနံတွင်း တိုက်ခိုက်မှုဖြစ်ရပ်မှာ ကယ်ကွတ်ဒေသတွင် ပထမဆုံးအကြိမ် ဖြစ်ကြောင်း အာမင်က ဆက်လက် ပြောကြားသည်။

ယင်းတိုက်ခိုက်မှု နောက်ကွယ်တွင် ဆက်ဒမ်ဟူစိန်၏ အကြွင်းအကျန် သစ္စာခံများရှိနေကြောင်း ၎င်းက စွပ်စွဲပြောကြားလိုက်သည်။

နိမိတ်လက္ခဏာ

သို့ရာတွင် သက်သေအထောက်အထားကို ၎င်းက ပြသနိုင်ခြင်းမရှိပေ။ ယင်းတိုက်ခိုက်မှုသည် မဟာဗျူဟာမြောက် နေရာဒေသများအား တိုက်ခိုက်မှု ပြုနိုင်သည်ဟူသော နိမိတ်လက္ခဏာများဖြစ်ကြောင်း၊ယင်းကြောင့် နိုင်ငံအရင်းအမြစ်များဟု ယူဆထားသည့် နေရာများတွင် လုံခြုံရေး တင်းကျပ်သွားရမည် ဖြစ်ကြောင်း အာမင်က ဆက်လက်ပြောကြားသည်။

ကယ်ကွတ်ဒေသသည် အီရတ်နိုင်ငံ၏ အဓိက ရေနံထုတ်နေသည့် နေရာများတွင် ပါဝင်သည့် ဒေသတစ်ခု ဖြစ်သည်။ တွန်းလှန်တိုက်ခိုက်ရေးသမားများက အီရတ်နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံထုတ်လုပ်ရာ ဒေသများအား ပစ်မှတ်ထားကာ ရေနံပိုက်လိုင်းများအား ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ရေနံအလုပ်သမားများကိုလည်း သတ်ဖြတ်ကာ ရေနံထုတ်လုပ်ရေးဌာန အဆောက်အအုံများအား ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အင်တာနက်။

တပ်လဲလှယ်ရန်လာသည့် ကန်တပ်ဖွဲ့ဝင်သစ်တစ်ဦး ပြောက်ကျားများက တိုက်ခိုက်၍ သေဆုံး

ဘဂ္ဂဒက် မတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ အနောက်ဘက်တွင် တည်ရှိသော ဖော်လူဂျာမြို့တွင် သောကြာနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ အမေရိကန်ကမ်းတက် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်၏ အနောက်ဘက် ၃၂ မိုင်အကွာအဝေးတွင် တည်ရှိသည့် မငြိမ်မသက်ဖြစ်နေသော အဆိုပါမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ နာရီအတော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ယခုတိုက်ပွဲဖြစ်ပွားသော မရိန်းကမ်းတက်တပ်ဖွဲ့ဝင်များသည် အမေရိကန် အမှတ်(၈၂) လေကြောင်းချီတပ်နှင့် တပ်လဲလှယ်ရန် ရောက်ရှိလာကြသော တပ်ဖွဲ့ဝင်အသစ်များဖြစ်သည်။ တပ်ဖွဲ့ဝင်အသစ်များ တာဝန်ယူရမည့် မြို့တော်၏ အနောက်ဘက်ဒေသသည် အမေရိကန်သိမ်းပိုက်ရေးတပ်များကို အပြင်းအထန်ဆန့်ကျင်တိုက်ခိုက်ရာဒေသအဖြစ် ကျော်ကြားသောနေရာဖြစ်သည်။

စွပ်စွဲပြောဆို

ပြောက်ကျားများက အမေရိကန် တိုက်ကင်းများကို မကြာခဏ လမ်းဘေးထောင်ဗုံးများ၊ လောင်ချာများ၊ လက်နက်ငယ်များ အသုံးပြုပြီး တိုက်ခိုက်လေ့ရှိသည်။ ဒေသခံပြည်သူများက အမေရိကန်တပ်ဖွဲ့ဝင်များကို နိုင်လိုမင်းထက် ပြုမူသူများအဖြစ် စွပ်စွဲပြောဆိုကြသည်။ အကြောက်လွန်နေသော အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြောက်ကျားများ၏ တိုက်ခိုက်မှုခံရသောအခါ အရမ်းကာရော ပစ်ခတ်လေ့ရှိကြောင်း ဌာနေအီရတ်များက ပြောကြားကြသည်။

ဖော်လူဂျာမြို့၏ အရှေ့ဘက်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု ကြာသပတေးနေ့က အတိုက်ခံခဲ့ရသည့်အတွက် အမေရိကန်ကမ်းတက်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း သတင်းများအရ သိရသည်။

သောကြာနေ့ သေဆုံးခဲ့ရသော တပ်ဖွဲ့ဝင်ကိုပါ ထည့်သွင်းရေတွက်လျှင် အမေရိကန်ဦးဆောင်သော ကျူးကျော်စစ် စတင်ဆင်နွှဲသည့် အချိန်မှစ၍ ထိုနေ့အထိ ကာလအတွင်း တိုက်ပွဲများ၌ သေဆုံးခဲ့ရသော အမေရိကန်စစ်သည် စုစုပေါင်းမှာ ၄၀၀ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ပေါက်ကွဲမှုများဖြစ်ပွား၊ လူအများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၇

ဘဂ္ဂဒက်မြို့တော်တွင် သောကြာနေ့ ညနေပိုင်းက ပေါက်ကွဲမှုအများအပြား ဖြစ်ပေါ်ခဲ့သည့်အတွက် ကလေးငယ်တစ်ဦး အပါအဝင် အနည်းဆုံး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ အရာရှိများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှု အများအပြား ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ဘဂ္ဂဒက်ရှိ ရာမောက်ဆေးရုံ အရေးပေါ်လူနာခန်းသို့ လူနာများရောက်လာသည်။ လူနာများမှာ အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး၊ ဆယ်ကျော်သက် လူရွယ်တစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ ဖြစ်သည်။

၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် အခြားဆေးရုံတစ်ရုံသို့ ပြောင်းပေးလိုက်ရသည်ဟု ဆိုသည်။

ရှင်းလင်းစွာ မသိရ

မြို့တော်နေရာ အများအပြားတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားကြောင်း သတင်းများရရှိသည်။ ပေါက်ကွဲမှုများမည်သို့ ဖြစ်ပေါ်ခဲ့သည်ဆိုသည့် အချက်ကို ရှင်းလင်းစွာ မသိရသေးပေ။

လူနေရပ်ကွက်တစ်ခုတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသွားပြီးနောက် လမ်းပေါ်တွင် ကျင်းတစ်ကျင်း ဖြစ်ကျန်ရစ်ကာ သွေးများလည်း စွန်းကျန်ခဲ့သည်။ တွေ့ရှိသူတစ်ဦး အဆိုအရ ထိုပေါက်ကွဲမှုမှာ စိန်ပြောင်းဗုံးသီး သို့မဟုတ် ဒုံးကျည် ကျရောက်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း ပြောသည်။ မိမိသည် သူငယ်ချင်းများနှင့်အတူ ရှိနေသည်။ ထိုအချိန်တွင် ကောင်းကင်ပေါ်မှ တစ်စုံတစ်ရာ ကျရောက်လာကြောင်း၊ မည်သည့်ပစ္စည်းဖြစ်ကြောင်း မသိလိုက်ကြောင်း၊ ဒုံးကျည် သို့မဟုတ် အခြားတစ်ခုခု ဖြစ်ဖွယ်ရာရှိကြောင်း၊ ထို့နောက် ပေါက်ကွဲသံကြီး ကြားလိုက်ရကြောင်း ဖြင့် ရာမောက်ဆေးရုံတွင် တက်ရောက်နေသူ အသက် ၁၆ နှစ် အရွယ်ရှိ လူငယ်က အဖြစ်အပျက်ကို ပြောပြသည်။၎င်း၏ အမည်မှာ မိုဟာမက်ဆာဗ် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဆေးအဆင့်နိမ့် ကန်တပ်ဖွဲ့ဝင်များကို အီရတ်စစ်မျက်နှာသို့ စေလွှတ်ခဲ့

ဝါရှင်တန် မတ် ၂၇

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်အင်အား လိုအပ်ချက်ဖြည့်တင်းရေးအတွက် တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် မသင့်သော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်အချို့ကို အမေရိကန်စစ်ဘက်က အီရတ်တွင် ဖြန့်ကြက်ချထားခဲ့သည်ဟု သိရသည်။

အမေရိကန်အစောင့်တပ်နှင့် အမေရိကန် ကြည်းတပ်၏ အရန်တပ်ဖွဲ့ဝင် တစ်ဒါဇင်ကျော်တို့က ၎င်းတို့၏ ဆေးမှတ်တမ်းကို လျစ်လျူရှုပြီး အီရတ်စစ်မြေပြင်သို့ စေလွှတ်ခြင်းခံရကြောင်းဖြင့် နိုက်ရိုက်ဒါ သတင်းစာသို့ ထုတ်ဖော် ပြောဆိုသည်။

ခံစားရ

အဆိုပါ တပ်ဖွဲ့ဝင်များ၏ ဆေးမှတ်တမ်းများတွင် ပန်းနာရင်ကျပ်၊ ဆီးချိုရောဂါ၊ မကြာမီက ခွဲစိတ်ကုသခံထားရမှု၊ နားမကြားမှု ကဲ့သို့သော ရောဂါဝေဒနာများ ခံစားရမှုတို့ ပါဝင်သည်။

ထိုတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ရောက်သွားကြသည်နှင့် တစ်ပြိုင်နက် ရောဂါဝေဒနာများ အခြေအနေပိုဆိုးလာသည်။ ထို့ပြင် ဆေးဝါးကုသမှုကိုလည်း အကန့်အသတ်ဖြင့်သာ ခံကြရသည်ဟုဆိုသည်။

နှလုံးရောဂါဖြင့် သေဆုံး

တင်နက်ဆီပြည်နယ် အမျိုးသားအစောင့်တပ်မှ အသက် ၄၄ နှစ်ရှိ ဒေးဗစ်လွိုက်မှာ အီရတ်တွင် ဩဂုတ်လက နှလုံးရောဂါဖြင့် သေဆုံးသွားသည်။

ဝန်ခံ

အီရတ်သို့ ဆေးအဆင့်နိမ့် အမေရိကန် တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်ကို အမေရိကန် စစ်ဌာနချုပ် ထိပ်တန်း ဆေးဘက်ဆိုင်ရာ အရာရှိ မိုက်ကယ် ကီးယ်ပက်ထရစ်က ဝန်ခံသည်။

အီရတ် ရှေ့တန်းစစ်မျက်နှာသို့ စစ်သား၊ စစ်သမီးများအား မပို့မီ ၎င်းတို့၏ ဆေးမှတ်တမ်းများကို အသေအချာ စစ်ဆေးကြည့်ရှုသင့်သည်ဟုလည်း ၎င်းက ပြောကြားသည်။

ဆေးအဆင့် မမီ

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၂၀၀၀၀ ရှိသည့် အနက် ၄၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသား အစောင့်တပ်နှင့် အရန်တပ်ဖွဲ့ဝင်များဖြစ်၍ အရေအတွက်အားဖြင့် ၅၀၀၀၀ ဦး ရှိကြောင်း၊ ၎င်းတို့အနက် ဆေးအဆင့်မမီသည့် တပ်ဖွဲ့ဝင် တစ်ရာခိုင်နှုန်းရှိလျှင်ပင် တပ်ဖွဲ့ဝင် ၅၀၀ တို့မှာ စစ်ဆေးရုံသို့ တက်ရမည့် လက္ခဏာရှိသည်ဟုလည်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

မတ် ၂၄ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် မီးလောင်ကျွမ်းနေသည့် ရေနံပိုက်လိုင်းကို မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိမ်းရှောင်

မတ် ၂၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဓာတ်ငွေ့ဆိုင် တစ်ဆိုင်အနီး မီးလောင်မှုဖြစ်ပွားရာ ဘေးလွတ်ရာသို့ တိမ်းရှောင်ထွက်ပြေးနေကြသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကန်ထရိုက်ပေးမှု မသမာမှုနှင့် အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ

ဝါရှင်တန် မတ် ၂၆

အီရတ်နိုင်ငံကန်ထရိုက်လုပ်ငန်းချပေးရာတွင် စီမံခန့်ခွဲမှုညံ့ဖျင်းမှု၊ ဈေးနှုန်းသတ်မှတ်ချက်နှင့် ကြီးကြပ်သည့် လိုအပ်မှုကိစ္စများ အပါအဝင် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အချိန်စော ကန်ထရိုက်လုပ်ငန်းချပေးမှုစသည့် ပြဿနာပေါင်း များစွာကို အမေရိကန်ကာကွယ်ရေးဌာန စစ်ဆေးရေးမှူးချုပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

- ဖော်ပြ -

ဘဂ္ဂဒက်ရှိအမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ ယာယီအာဏာပိုင်အဖွဲ့နှင့် ပြန်လည်တည်ဆောက်ရေးနှင့် လူလူချင်းစာနာထောက်ထားရေး အကူအညီရုံး (အိုအာအိပ်ချ်အေ)၏ ကိုယ်စား စစ်ဘက်က ကန်ထရိုက်ချပေးသည့် စာချုပ်၂၂ခုမှ ၂၄ခုတို့တွင် ဝယ်ယူရေးဆိုင်ရာ စည်းကမ်းများကို လိုက်နာမှု မရှိကြောင်းယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကန်ထရိုက်လုပ်ငန်းများ ချထားရာတွင် ဈေးနှုန်းယှဉ်ပြိုင်၍ လေလံဆွဲမှုစနစ် မကျင့်သုံးခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥပမာအားဖြင့် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး မလာရောက်သော်လည်း ကန်ထရိုက်လုပ်ငန်းကို ချပေးထားကြောင်း၊ အခြား ဥပမာတစ်ခုမှာ မော်တော်ယာဉ်များအား ထောက်ခံမှုမရှိဘဲ ဒေါ်လာထောင်ချီ၍ စရိတ်တင်ကာ လေယာဉ်ဖြင့် ရွှေ့ပြောင်းသယ်ယူခဲ့ကြခြင်းနှင့် အခြားဥပမာတစ်ခုအရ အမှိုက်သရိုက် သယ်ယူရေးလုပ်ငန်းကန်ထရိုက်ကိုမီဒီယာလုပ်ငန်းရှင်အား ပေးထားကြောင်း စသည်ဖြင့် အစီရင်ခံစာက ဖော်ပြထားသည်။

အီရတ် ကန်ထရိုက်လုပ်ငန်းနှင့်ပတ်သက်၍ ဈေးနှုန်းပိုမိုတင်ပြမှုနှင့် ဆွေမျိုးမိတ် သင်္ဂဟဦးစားပေးဝါဒကို ကျင့်သုံးနေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် စွပ်စွဲပြောကြားချက်များ ရှိနေစဉ် အစိုးရဌာနအများစုက ယင်းကန်ထရိုက် လုပ်ငန်းချထားမှုကို စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။

- ရပ်ဆိုင်း -

အီရတ်တပ်မတော်အား စစ်ဘက်ပစ္စည်းများ ဖြည့်ဆည်းရန်အတွက် ကန်ထရိုက်လုပ်ငန်းချထားမှုအတွက် မကျေနပ်မှုပေါ်ပေါက်ပြီး လေလံဆွဲမှုကို ရပ်ဆိုင်းထားလိုက်သည်။ ယင်းကန်ထရိုက်လုပ်ငန်းအား လေလံပြန်ဆွဲစေမည်ဖြစ်သောကြောင့် အီရတ်တပ်မတော်သစ်အတွက် ပစ္စည်းဖြည့်ဆည်းရာတွင် နှောင့်နှေးသွားမည်ဖြစ်သည်။ ***အင်တာနက်။***

အီရတ်ရှိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုမြင့်မားနေ

ဝါရှင်တန် မတ် ၂၆

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှုန်းသည် တပ်ဖွဲ့အတွက် ခြိုင့်ကြည့်ပါက မြင့်မားနေသော်လည်း ပျံ့နှံ့နေသည့်ရောဂါ မဟုတ်ကြောင်း စိတ်ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ကြသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

သွားရောက်လေ့လာ

ဇူလိုင်လအတွင်း မိမိကိုယ်မိမိ အဆုံးစီရင်မှုနှုန်း ကြောက်မယ်ဖွယ်ကောင်းလောက်အောင် မြင့်မားလာသဖြင့် စိတ်ပိုင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် အီရတ်နှင့် ကူဝိတ်နိုင်ငံများသို့ လွန်ခဲ့သည့်နှစ်က သွားရောက် လေ့လာခဲ့ကြသည်။

အဆိုပါအဖွဲ့၏ တွေ့ရှိချက်နှင့် ထောက်ခံချက်များကို စစ်ဘက်က ကြာသပတေးနေ့တွင် လူသိရှင်ကြား ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်က အီရတ်နှင့်ကူဝိတ်နိုင်ငံရှိအမေရိကန်တပ်ဖွဲ့ဝင်များအတွင်း မိမိကိုယ် မိမိအဆုံးစီရင်မှု ၂၄ မှုထက်မနည်းရှိခဲ့ကြောင်းစစ်ဘက်ကပြောကြားသည်။ ယင်းသေဆုံးမှု ဦးရေသည် မြင့်တက်လာဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အခြားသေဆုံးမှုအကြောင်းများတွင်လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမှာ သံသယပွားဖွယ်ရှိနေသောကြောင့်ဖြစ်သည်။

ယင်းသေဆုံးမှုနှုန်းသည် တပ်ဖွဲ့ဝင် ၁၀၀၀၀၀ လျှင် ၁၇ ဒသမ ၃ ရာနှုန်းရှိပြီး ၂၀၀၃ ခုနှစ်က ၁၂ ဒသမ ၈ ရာနှုန်းသာရှိခဲ့သည်ဟု စိတ်ကျန်းမာရေးလေ့လာမှုနှင့် နီးစပ်သည့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မပါဝင်

ဖော်ပြပါ အဆုံးစီရင်မှု ၂၄ မှုတွင် အမေရိကန် ပြည်ထောင်စုသို့ ပြန်သွားပြီးနောက် မိမိကိုယ်မိမိအဆုံး စီရင်သူဦးရေမပါဝင်ဟုဆိုသည်။

မိမိကိုယ်မိမိအဆုံးစီရင်သွားသည့် ဖော်ပြပါတပ်ဖွဲ့ဝင် ၂၄ ဦးသည် ပုဂ္ဂိုလ်ရေးရာ ငွေကြေးပြဿနာများ၊ ပုဂ္ဂိုလ်ရေးရာဆက်ဆံမှုများ မပြေလည်မှုနှင့် အခြားပြဿနာကြောင့် အဆုံးစီရင်ခဲ့ကြသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

(အင်တာနက်)

ဆန်ဖရန်စစ္စကိုအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဘဂ္ဂဒက်မြို့၌ သေဆုံး

ဆန်ဖရန်စစ္စကို မတ် ၂၆

ဆန်ဖရန်စစ္စကို အခြေစိုက် အင်ဂျင်နီယာလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းဖြစ်သည့် ဘက်တယ်ကုမ္ပဏီမှ လက်ခွဲ ကန်ထရိုက်တာလုပ်ငန်းရှင်တစ်ဦးသည် ဘဂ္ဂဒက်မြို့တော်တွင် စိန်ပြောင်းကျည် ပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ ၎င်းကုမ္ပဏီသည် အီရတ်နိုင်ငံတွင် အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ပေါက်ကွဲ

ဘက်တယ်ကုမ္ပဏီသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာသုံးဘီလျံခန့်တန်ဖိုးရှိသည့်အစိုးရ ကန်ထရိုက်လုပ်ငန်းများ ရရှိနေသည်။ အီရတ်နိုင်ငံသား ဆောက်လုပ်ရေးလုပ်သားတစ်ဦးသည် ဘဂ္ဂဒက်ရှိ မြစိမ်းရောင်ဒေသအတွင်း စိန်ပြောင်းကျည် ပေါက်ကွဲမှုကြောင့် မတ် ၁၈ ရက်က သေဆုံးခဲ့သည်ဟူသည့် သတင်းမှန်ကန်ကြောင်း ၎င်းကုမ္ပဏီက အတည်ပြုပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဘက်တယ်ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူဂျွန်နက်သန်မာရှယ်ကအသေးစိတ်ပြောကြားမှု မရှိပေ။ လုံခြုံရေးကိစ္စနှင့် ပတ်သက်၍ ပုဂ္ဂလိကကုမ္ပဏီတစ်ခုကိုဝေဖန်ပြောကြားရန်အကြောင်း မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပစ်ခတ်

အောက်တိုဘာလအတွင်းက အမေရိကန်တပ်ဖွဲ့မှအရာရှိတစ်ဦး ရော့ကက်ဒုံးကျည်ဖြင့်ပစ်ခတ်ခံရမှုကြောင့်သေဆုံးခဲ့ပြီးနောက် အစောင့်အရှောက် ထူထဲစွာ ချထားသည့် မြစိမ်းရောင်ဒေသတွင် ထပ်မံသေဆုံးခဲ့သည်။ ဖော်ပြပါ အီရတ် အလုပ်သမားမှာ ပထမဆုံးဖြစ်ဖွယ်ရှိသည်ဟု လော့အိန်ဂျလိစ်သတင်းစာက ကြာသပတေးနေ့က ရေးသားသည်။

တာဝန်ယူဆောင်ရွက်

ဘက်တယ် ကန်ထရိုက်လုပ်ငန်းများကို ၂၀၀၅ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းကုမ္ပဏီက ဆိပ်ကမ်းမြို့များ၊ လျှပ်စစ်စက်ရုံများ၊ တယ်လီဖုန်းစနစ်များ၊ ရထားလမ်းများ၊တံတားများနှင့် အခြားစီမံကိန်းများစသည့် ပြန်လည်ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဆောင်ရွက်မည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။



အနောက်အုပ်စုမီဒီယာများဘက်လိုက်မှုဂျာမနီသမ္မတဝေဖန်

ဒါရက်ဆလမ် မတ် ၂၆

အနောက်အုပ်စုမီဒီယာများသည် အာဖရိကတိုက်တွင်ဖြစ်ပွားသော ပြဿနာများအပေါ်တွင်သာ အာရုံစိုက်ပြီး ယင်းပြဿနာများ၏ ဇာစ်မြစ်များကိုမူ လျစ်လျူရှုထားကြောင်းပြောဆိုကာ သတင်းဖော်ပြရာတွင် ဘက်လိုက်မှုရှိကြောင်း ဂျာမနီသမ္မတဂျိုဟာန်နက်ရာအူးက ဝေဖန်ပြောကြားလိုက်သည်ဟု နေ့စဉ်သတင်းစာတစ်စောင်က ဖော်ပြသည်။

အဆိုပါသဘောထားမျိုးမှာ အထောက်အကူမပြုသဖြင့် ပြောင်းလဲသင့်ကြောင်း တန်ဇန်းနီးယားနိုင်ငံသို့ ငါးရက်ကြာ အလည်အပတ်ရောက်နေသော မစ္စတာရာအူးက ဒါရက်ဆလမ်ရှိ ညီရေးရေးဖောင်ဒေးရှင်းအဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ယနေ့တန်ဇန်းနီးယားနိုင်ငံသည် တည်ငြိမ်သောဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း သို့မဟုတ် ဘော့ဆွာနာသည် စီးပွားရေးစွမ်းဆောင်ချက် မြင့်မားတိုးတက်နေပြီဖြစ်ကြောင်းတို့ကို ဂျာမနီနိုင်ငံမှ သိရှိသူတစ်ယောက်ယောက်ရှိပါသလောဟုလည်း ၎င်းက မေးခွန်းထုတ်လိုက်သည်။

အနောက်အုပ်စု မီဒီယာများ၏ သတင်းပေးပုံရှုထောင့်အရ ဘက်လိုက်မှုရှိနေသဖြင့် အဆိုပါနိုင်ငံများမှ ပြည်သူလူထုက အာဖရိကပြည်သူများ၏ စွမ်းဆောင်ချက် အောင်မြင်တိုးတက်မှုများအကြောင်းကို သိနားလည်ရန်ခက်ခဲစေကြောင်းကိုလည်း ၎င်းကဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၂၃ ရက်က သေနတ်ဒဏ်ရာရရှိသူအီရတ်တစ်ဦးအား ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံတွင် ခွဲစိတ်ကုဆရာဝန်များက ကုသပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ခင်ပြည်ချစ်

ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းလာခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ရှင်သန်လျက်ရှိသော ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ခရစ်နှစ်(၄၀၀)လောက်မှ နှစ်ပေါင်း(၂၀၀၀)နီးပါး ကြာရှည်သည်အထိ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်မှ ယနေ့ခေတ်အထိ အချုပ်အခြာ အာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို လက်ဆင့်ကမ်းနိုင်ခဲ့ကြသူများလည်း ဖြစ်သည်။ အဖိုးတန် အမွေအနှစ်မျိုးဖြစ်သော ကိုယ်ယဉ်ကျေးမှု၊ စိတ်ယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်ကြသူများဖြစ်၍ အနေအထိုင် အပြောအဆို ယဉ်ကျေးခြင်းနှင့် အဆောက်အအုံ ဗိသုကာအနုပညာ ယဉ်ကျေးမှု ထွန်းကားတိုးတက်ခဲ့သည့် နိုင်ငံလည်း ဖြစ်ပါသည်။

ယဉ်ကျေးမှုဆိုသည်မှာ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာ၊ စာပေ၊ ဘာသာစကား၊ ဘာသာရေး၊ ရှေးဟောင်းအမွေအနှစ်များ၊ အနုပညာတေးဂီတ၊ ဝတ်စားဆင်ယင်မှုစသည်ဖြင့် ပါဝင်လေသည်။ မြန်မာ့ယဉ်ကျေးမှု သမိုင်းအစဖြစ်သည့် ပျူမြို့ပြနိုင်ငံ၊ ပုဂံမြို့ပြနိုင်ငံခေတ်များမှသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတစ်လျှောက်လုံးမှ ယနေ့ခေတ်တိုင်အောင် ထူးချွန်ပြောင်မြောက်သော အမျိုးသမီးစွမ်းဆောင်ရှင်များသည် ခေတ်နှင့်လျော်ညီစွာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသော နယ်ပယ်အသီးသီး၌ စာပေပညာရှင်၊ အတတ်ပညာရှင်များ အဖြစ်ပေါ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ လူဦးရေ ၅၃သန်း ကျော်တွင် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသဖြစ်သည့်အလျောက် ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါးမှစ၍ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သင်တန်းများသည် ပညာပေးဌာနများ အဖြစ် ရှိခဲ့ကြပါသည်။ မြန်မာအမျိုးသမီးများအနေဖြင့် ဘုရားဟောကျမ်းဂန်၊ ပိဋကတ်သုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများမှလည်းကောင်း၊ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ မော်ဗီဆရာသိန်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ကဲ့သို့ ရဟန်းပညာရှိ၊ လူပညာရှိတို့၏ စာနှင့်နှုတ်ထွက် စကားများမှလည်းကောင်း၊ ပဒေသရာဇ်ခေတ်မှ ယနေ့တိုင်အောင် ယဉ်ကျေးလိမ္မာသိမ်မွေ့မှုကို အစဉ်အဆက် ပျိုးထောင်ပေးခဲ့ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယနေ့ပေါ်ထွက်လျက်ရှိသော ပုံပြင်ရေးစာပေများ၊ ရှေးခေတ်ဆုံးမစာတို့ကို အခြေခံလျက် လက်တွေ့ဘဝနှင့် ပေါင်းစပ်ပြီး မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံး တမ်းအရ ကျင့်ကြံထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထု၏ အခန်းကဏ္ဍကို ယဉ်ကျေးမှုနှင့်အညီ ထိန်းသိမ်းမြှင့်တင်ကြဖို့သည် မြန်မာအမျိုးသမီးထု၏ အရေးကြီးတာဝန်တစ်ရပ် ဖြစ်လာပါသည်။

မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း လုပ်ငန်းသည် အမျိုးသားရေးတာဝန်ဖြစ်သည့်အားလျော်စွာ လူအများအကျိုးရှိအောင် ဖန်တီးလုပ်ဆောင် အားထုတ်ကြရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်၍ မရနိုင်သဖြင့် အဖွဲ့အစည်းအသွင် စုပေါင်းဆောင်ရွက်ဖို့ လိုအပ်လာပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်း အင်အားရှိသော မြန်မာအမျိုးသမီးထု၏ ယဉ်ကျေးမှုဆိုင်ရာ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ယနေ့အချိန်တွင် ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သော ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက ထုတ်ပြန်သော "ဘေဂျင်းကြေညာစာတမ်း"ပါ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ၊ သမိုင်းကြောင်းအစဉ်အလာ ယဉ်ကျေးမှုတို့နှင့် မဆန့်ကျင်စေဘဲ ညီညွတ်စွာ အကောင်အထည်ဖော်နိုင်ရန် "မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစီမံချက်"ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် အခန်းကဏ္ဍအလိုက် စနစ်တကျ လုပ်ငန်းစဉ်များလည်း ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာမုန့်ရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

အမျိုးသမီးရေးရာကိစ္စ ဆောင်ရွက်ရာတွင် ကြီးမားကျယ်ပြန့်သည်နှင့်အမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များရှိလာနေခြင်းကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှစ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် (Myanmar Women's Affairs Federation) M.W.A.Fကို အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ဖွဲ့စည်းရာတွင်–

- **(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**
- **(ခ) အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **(ဃ) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊**
- **(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်း ပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊**
- **(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်**

ဟူသော ကောင်းမွန်မြင့်မြတ်သည့် ရည်ရွယ်ချက် (၇)ရပ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန် အောက်ပါအမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ဖြစ်သော–

- (က) ဗဟိုအမျိုးသမီးရေးရာအဖွဲ့
- (ခ) ပြည်နယ်၊ တိုင်း၊ ပြည်နယ်ခွဲ၊ တိုင်းခွဲအမျိုးသမီးရေးရာအဖွဲ့
- (ဂ) ခရိုင်အမျိုးသမီးရေးရာအဖွဲ့
- (ဃ) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့
- (င) ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့

များကို ဖွဲ့စည်းထားရှိပါသည်။

လူမှုရေး အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မိမိတိုင်းပြည်နှင့် လူမျိုး၏ အကျိုးစီးပွား၊ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဦးတည်ချက် ပေါက်မြောက်အောင် ဆောင်ရွက်ကြဖို့ ရည်ရွယ်ရင်း ဖြစ်ပါသည်။

လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့သည် မိမိတိုင်း၊ မိမိပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များအထိတိုင် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်ပါသည်။

နိုင်ငံတော်တွက်၊ ဦးတည်ချက်နှင့်
စဉ်ဆက်မပျက်၊ ရည်မှန်းချက်များ
သက်နှင့်ထပ်တူ၊ ဂရုမူ၍
တလူလူနေ၊ ပေါက်မြောက်လေအောင်
မခေသတ္တိ၊ ပေါင်းစည်းညီလျက်
အမိယဉ်ကျေးမှု၊ ထိန်းသိမ်းပြုသော
ပြည်သူ့အမျိုးသမီးရေးရာကော်မတီ

ဟု ကဗျာဆရာမ ရွှေဦးမြေ–မြမြသစ်က တင်စားရေးဖွဲ့ခဲ့ပါသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆင့်သို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်ကလည်း မြန်မာအမျိုးသမီးများ၏ သမိုင်းအစဉ်အဆက်ခံစားရရှိလာခဲ့သည့် အမျိုးသမီးအခွင့်အရေးများကို ထိုက်တန်စွာခံစားရရှိနိုင်ရန် အားပေးဆောင်ရွက်လျက်ရှိရာ နေရာပေးခြင်းခံရသော မြန်မာအမျိုးသမီးများမှာ အားငယ်စိတ်၊ သိမ်ငယ်စိတ်မရှိဘဲ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နှင့် စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်ကြသည်ကို တွေ့ရှိရပါသည်။

ရရှိသော အခွင့်အလမ်းနှင့် နေရာကိုလည်း လူမှုကျင့်ဝတ်စောင့်စည်းမှု၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမှု၊ မိမိအမျိုးအနွယ်ကိုစောင့်ရှောက်မှု၊ ယဉ်ကျေးသိမ်မွေ့မာန်မာနကင်းစွာ မိမိကိုယ်မိမိ နှိမ့်ချဆက်ဆံမှုစသည့် စိတ်ဓာတ်အခြေခံများနှင့် ဟန်ချက်ညီညီ ဖြစ်ထွန်းအောင်ကြိုးပမ်းဆောင်ရွက်နေကြောင်းကိုလည်း တွေ့မြင်ရပါသည်။

အထူးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲ၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသည့်အမရာ၊ ကန္ဒရီ၊ မဒီ၊ သမ္ဘုလတော်ဝင်နှစ်ပါးသွား စသော ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင် ဖျော်ဖြေပွဲများ တင်ဆက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရ၏ ထိရောက်သော ထောက်ကူမှုများနှင့် မှန်ကန်သော ဦးဆောင်မှုအောက်တွင် တစ်မျိုးသားလုံး၏ ဆိုင်ရာကဏ္ဍအလိုက် စည်းလုံးညီညာသည့် အမျိုးသားရေးစွမ်းအားစုများအဖြစ် စုစည်းပြီး တက်ညီလက်ညီ လက်တွဲကြိုးပမ်းထမ်းဆောင်ရာ၌ ယဉ်ကျေးမှုကဏ္ဍတွင် မြန်မာအမျိုးသမီးများ၏ ဘာသာတရားကိုင်းရှိုင်းသော အစဉ်အလာ ဆက်လက်ဖြစ်ထွန်းအောင်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ထုံးတမ်းစဉ်လာနှင့်အညီ ဝတ်စားဆင်ယင်မှု၊ ရိုးရာယဉ်ကျေးမှု အနုပညာတို့ကို မြတ်နိုးထိန်းသိမ်းတတ်သော အလေ့အထ ဆက်လက်ရှင်သန်ဖွံ့ဖြိုးအောင်၊ လူမှုရေး၊ စီးပွားရေးရှုထောင့်က ထိုးဖောက်ဝင်ရောက်လာသော တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးမှုကို တိုက်ဖျက်ချေမှုန်းနိုင်စေရန် မျိုးချစ်စိတ်ဓာတ် ကိုယ်ခံအားကောင်းမွန်အောင်၊ စာရိတ္တ မဏ္ဍိုင်မယိမ်းမယိုင်ကြံ့ခိုင်ရလေအောင် စည်းရုံးပညာပေးမှု အစီအမံများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ရှေးရှုပြီး မွန်မြတ်သော စေတနာနှင့်ဆောင်ရွက်ပေး မှုများအား ရိုးရာယဉ်ကျေးမှုအခြေခံဒေသဖြစ်သည့် ကျေးလက်ဒေသများအထိ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး လှုပ်ရှားမှုများ ကွန်ရက်သဖွယ် ပေါင်းစည်းဖြစ်ထွန်းစေရအောင် သွက်လက်ထက်မြက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်နေအောင် စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးများအကြား အမျိုးသားရေးစိတ်ဓာတ်ရှင်သန်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ရေး၊ မိမိ အမျိုးအနွယ်စောင့်ထိန်းကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဝံသာနုရက္ခိတတရားနှင့်အညီ အမျိုးအနွယ်စစ်သော အမျိုးတကယ်ချစ်သော ခေတ်အဆက်ဆက်က ခမ်းနားသည့်စွမ်းအားပြည့်ဝသော အမျိုးသားရေးစွမ်းအားစုအဖြစ် ဂုဏ်ပြုသော **မြန်မာအမျိုးသမီးများနေ့**ကို နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့အား နိုင်ငံတော်က ဂုဏ်ပြုသတ်မှတ်ပေးခဲ့ပါသည်။

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာ့စရိုက်နှင့်အညီ ဝတ်စားဆင်ယင်ပြောဆိုနေထိုင် လှုပ်ရှားကြရန် ဟောပြောပွဲများပို့ချခြင်း၊ "ရွှေပေးလို့မရ"၊ "အမေပြောမယ်သမီးလေးရယ်"ကဲ့သို့ တေးသရုပ်ပြဇာတ်လမ်းများ တင်ဆက်ထုတ်လွှင့်ပေးခြင်း၊ အမျိုးသမီးရေးရာမဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များ ထုတ်ဝေခြင်းဖြင့် ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရန် တွန်းအားများနှင့် အမျိုးအနွယ်ကို စောင့်ထိန်းသော မြန်မာအမျိုးသမီးစွမ်းအားထုကြီး ခိုင်ခိုင်မာမာ ပေါ်ထွန်းလာသော စွမ်းဆောင်ပေးမှုများ၊ မြန်မာအမျိုးသမီးများ သမိုင်းအစဉ်အဆက် ရရှိခံစားခဲ့သော အမျိုးသမီးအခွင့်အရေးများ ပိုမိုပေါ်လွင်လာစေရေးနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးမှုများကို နိုင်ငံတော်က အသိအမှတ်ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကြီးတွင်လည်း မိမိရိုးရာယဉ်ကျေးမှု၌ အခြေခံရှိပြီးဖြစ်သော ဝတ်စားဆင်ယင်မှုအလှကို ဖော်ကျူးခြင်းနှင့် ထုတ်လုပ်မှုနည်းပညာ၊ အတတ်ပညာရပ်များကို ပြသသောပြပွဲဖြစ်၍ မြန်မာ့ရိုးရာဝတ်စုံကို ခုံမင်နှစ်သက်မြတ်နိုးစွာ ထိန်းသိမ်းဝတ်ဆင်သွားကြရန် ရည်ရွယ်ချက်ဖြင့် အောင်မြင်စွာ တင်ဆက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မကြာသေးမီက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မုန့်ရောင်းပွဲတော်တွင် မြန်မာ့ရိုးရာဝတ်စုံဖြင့် အလှပြသခြင်းပါတွဲ၍ တင်ဆက်ရာ ပရိသတ်များ အထူးစည်ကားသိုက်မြိုက်စွာ စိတ်ပါဝင်စားလာရောက် အားပေးကြည့်ရှုကြသည်ကို တွေ့ရှိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၏ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ၊ ပြိုင်ပွဲ၊ ဒဂုံမြို့နယ်၏ ယဉ်ကျေးမှုသင်တန်းနှင့် ခရိုင်နှင့်မြို့နယ်အလိုက် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောခြင်း၊ စာတမ်းပြုစုခြင်း၊ ဆောင်းပါးများရေးသားခြင်းတို့ဖြင့် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အားကြိုးမာန်တက်စွမ်းဆောင်နေကြကြောင်း တွေ့ရှိရသည်။

အမျိုးသမီးများနှင့် ယဉ်ကျေးမှုကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန် အမျိုးသားရေးဦးတည်ချက် ၁၂ ရပ်၏ လူမှုရေးဦးတည်ချက်တွင် နည်းဗျူဟာရည်မှန်းချက်များအဖြစ်–

- (၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရန်၊
- (၂) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
- (၃) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်ဟူ၍ သတ်မှတ်ထားရှိ ဆောင်ရွက်နေပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒေါ်နန်းမြတ်နီလာအောင်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ သဘာပတိ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များက ၂၀၀၄ခုနှစ် ဇန်နဝါရီမှ မတ်အထိ သုံးလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်များနှင့် လုပ်ငန်းဆောင်ရွက်စဉ် တွေ့ကြုံရသည်တို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူက လည်းကောင်း၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းတင်ကလည်းကောင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေးက လည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါက်တာ ဒေါ်ခင်စောမူကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က လည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းနုကလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမိုခမ်းက လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ နန်းကိန်ဖောင်းတစ်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ရှိန်ကလည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်ကလည်းကောင်း၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးအေးသိန်းက လည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်နယ်နှင့်တိုင်းအလိုက် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြရာ သဘာပတိနှင့် အထွေထွေအတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး ဒုတိယနေ့ (နောက်ဆုံးနေ့)ကို မတ် ၂၉ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

အစဉ်အလာကြီးမားသော မြန်မာလူမျိုးတို့၏ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုးကွယ်မှုတို့ကို ဆက်ခံထိန်းသိမ်းရေးအတွက် မွန်မြတ်သော ဦးတည်ချက်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀ ခန့်ကပင် ပုံတောင်ပုံညာဒေသမှ တွေ့ရှိရသော လူတူပရိုင်းမိတ်များက "လူသားမျိုးနွယ်အစ မြန်မာက"ဟူ၍ ပြောနိုင်သော အထောက်အထားများကို ဘူမိဗေဒပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရန် ထိရောက်စွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့စွဲဖြင့် "အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ" ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

သမိုင်းအစဉ်အဆက်တွင် ဥပဒေ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုအရ လည်းကောင်း၊ ဘာသာရေးအရလည်းကောင်း ရှုထောင့်ပေါင်းစုံတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိနေသော မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် မကောင်းသော အသက်မွေးဝမ်းကျောင်းဖြင့် အသက်မွေးကြ၍ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုရောဂါ ပျံ့နှံ့နေသည်ဟု အမျိုးသစ္စာဖောက် ပုဆိန်ရိုးများက နှိမ့်ချ ပြောဆိုနေကြသော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ကြိုးပမ်း နေကြသည်ကို လက်တွေ့နယ်ပယ်ထဲတွင် တွေ့မြင်ကြရပါသည်။

ထို့ကြောင့်လည်း မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပထမအကြိမ် မြန်မာအမျိုးသမီးညီလာခံ၊ ဒုတိယအကြိမ် မြန်မာအမျိုးသမီးညီလာခံတို့ကို ကျင်းပနိုင်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးများ၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်၊ အမျိုးအနွယ်ကို စောင့်လိုသောစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းရန်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရင့်သန် ခိုင်မာရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် **အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့** ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးသန္နိဋ္ဌာန်ချမှတ်၍ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် ကြိုးပမ်းလျက်ရှိသည်ကား အမှန်ပင်ဖြစ်ပါသည်။ ။

"**အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့**"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ **၂၈-၂၉.၃.၂၀၀၄**

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၄၄၄) ဖြန့်ချိ

ရန်ကုန် မတ် ၂၈

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ် (၄၄၄)ကို ယနေ့ စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဆောင်ပုဒ်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ရေးသားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် တစ်ကမ္ဘာလုံးတွင် ပေါ်ထွက်လာသည့် ငြိမ်းချမ်းရေးကြွေးကြော်သံ၊ အယ်လ်ခိုင်ဒါတို့ ရှုလက်နက်ဝယ်ယူရရှိ၊ တန်ဇန်းနီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ ဟားမားစ်ခေါင်းဆောင် လုပ်ကြံခံရမှု ရှုတ်ချသည့်အဆို အမေရိကန်ဗီတိုဖြင့် ပယ်ချ၊ ကိုယ်အင်္ဂါရှစ်မျိုး အစားထိုး၍ အသက်ဆက်ရသူလေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးရှေ့ခရီး၊ ဂျပန်စီးပွားရေးတုံ့ဆိုင်းနေရာမှ ရှင်သန်လာပြီ၊ လေသင်တုန်းရောဂါ ကုသရေးကြိုးပမ်းချက်များ၊ ဆဌမဇီဝ မျိုးသုဉ်းမှုဖြစ်စဉ်ကို လူသားတို့ ကြုံနေရပြီလော၊ အင်တာနက် Broadband ကို တပ်ဆင်ရန် အချိန်ကျပြီလော၊ နိုင်ငံတကာ ဟာသ၊ ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုဝေးနေသည့် အီရတ်ပြည်သူများ၊ ဆက်ဒမ်ကို ဖမ်းမိထားသော်လည်း အမေရိကန် အနေဖြင့် ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်နေရဆဲ၊ အယ်လ်ခိုင်ဒါ ခေါင်းဆောင် ဘယ်မှာလဲ၊ သီရိလင်္ကာနိုင်ငံရေးစသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

(ကြေးမုံ)

စာအုပ်ဈေးပွဲတော် နောက်ဆုံးနေ့ ကျင်းပ

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်လမ်း)ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း (ယင်ခင်ရုံးချုပ်) အဆောက်အအုံ၌ မတ် ၁၉ရက်မှ ယနေ့အထိ ၁၀ရက်ကြာ ဖွင့်လှစ်ရောင်းချခဲ့သည်။

စာအုပ်ဈေးပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄နာရီတွင် အဆိုပါအဆောက်အအုံ၌ ကျင်းပရာ စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ကျေးဇူးတင်စကား ပြောကြားပြီး စာပေတိုက်များမှ လှူဒါန်းသော စာအုပ်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) တို့က လက်ခံကြသည်။ (သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ဗဟိုနာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

စုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သော သမိုင်းအစဉ်အလာ၊ မြင့်မားခဲ့ထည်သည့် ဂုဏ်ဒြပ်နှင့် ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်တို့ကို ပိုမိုထက်မြက်ခိုင်မာစေရအောင် ပြုစုပျိုးထောင်ပေးရင်း စည်းလုံးညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ဖြစ်ထွန်းလာစေရအောင် စည်းရုံးဦးဆောင်သွားမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး ယခုကဲ့သို့ ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါ ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများ ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် ထူးထူးကဲကဲပေါ်ထွန်းလာသည့် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

အမျိုးသားများနှင့်ရင်ပေါင်တန်း

နှစ်ပေါင်းထောင်ချီပြီးရှည်လျားခိုင်မာသော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူရည်တူ အခွင့်အရေးမျှမျှတတရရှိခံစားခဲ့ကြရသည်သာမက မိမိမိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်းတန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခွင့်ရရှိခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသမီးဖြစ်ရခြင်းကြောင့် သိမ်ငယ်စိတ်ဖြစ်ရသည်ဟုမရှိဘဲ မိမိကိုယ်မိမိယုံကြည်စိတ်ချမှု၊ စီမံခန့်ခွဲနိုင်မှု အရည်အသွေးများနှင့် ပြည့်ဝကြသည့်အလျောက် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့်အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင် အထင်အရှားတွေ့ကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အခြားသော နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ လေးစားကြင်နာစွာကူညီဖေးမ ရိုင်းပင်းစောင့်ရှောက်မှုတို့ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်အတွက် မြန်မာအမျိုးသမီးဖြစ်ရခြင်းသည်ပင်လျှင် ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရခေတ်ကာလတွင် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းဆောင်ရည်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်း အခြေအနေ၊ ယဉ်ကျေးမှုဓလေ့စရိုက်အခြေခံများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းနေသည့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်စေရအောင် စနစ်တကျအားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

တိုင်းကျိုးပြည်ဆောင်

ယခုကဲ့သို့ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အာပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာမျိုးသမီးအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုကြီးအဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာစေရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးများအနေဖြင့် အခြားသောနိုင်ငံများတွင်ကဲ့သို့ အမျိုးသမီး အခွင့်အရေးများရရှိရေးအတွက် အထွေအထူး တောင်းဆိုတိုက်ပွဲဝင်ရန် မလိုအပ်ဘဲ မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေကြရသော်လည်း နိုင်ငံတကာ အမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ဆက်စပ်ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် ဘီဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ကိုယ်စားလှယ်များစေလွှတ် တက်ရောက်စေခဲ့ခြင်းဖြစ်ကြောင်း။

ဖြန့်ကြက်ကြိုးပမ်း

ယင်းနောက်တွင် မြန်မာအမျိုးသမီးများရရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ အမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ နယ်ပယ်ကဏ္ဍစုံတွင် ဆက်လက်တိုးပွားဖြစ်ထွန်းစေရေးတို့အတွက် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားနိုင်စေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့်လည်း လုပ်ငန်းကော်မတီများ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပြီး အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စနစ်တကျစီမံဖြန့်ကြက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင်အမျိုးသမီးများကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း သိမ်မွေ့နက်နဲသော ပြဿနာများ မဖြစ်သေးသော်လည်း နိုင်ငံတကာတွင် အထူးအာရုံစူးစိုက်ဆောင်ရွက်နေကြသည့် အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှုပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးရေး –အစသည့်လုပ်ငန်းများကိုပါ ဆက်စပ်ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးမြှင့်တင်ဆောင်ရွက်နေသည်သာမက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများတိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် မြန်မာအမျိုးသမီးများကဏ္ဍသည် အံ့မခန်းတိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေးကဏ္ဍတွင် ရှေ့တန်းကပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍများတွင် ဦးစီးဦးဆောင်ပြု ဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအထွေထွေတွင် ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများတွင် ဦးဆောင်ဦးရွက်ပြုပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများစဉ်ဆက်မပြတ်ပေါ်ထွန်းနေပြီး အမျိုးသမီးကဏ္ဍတစ်ခေတ်ဆန်းသစ်ထွန်းတောက်နေပြီဖြစ်သည်ကို အထင်အရှားတွေ့မြင်နေရပြီဖြစ်ကြောင်း။

ပြင်ဆင်ဖွဲ့စည်း

ယခုကဲ့သို့ အခြေအနေအချိန်အခါကောင်းတွင် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံလိုအပ်ချက်များတွင် နိုင်ငံတကာ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများနှင့် လိုက်လျောညီထွေစွာ ပါဝင်ပံ့ပိုးဆောင်ရွက်နိုင်စေရန်အပြင် မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိထိရောက်ရောက် တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ယခုကဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံး တစ်စိတ်တည်းတစ်ဝမ်းတည်းစုစည်းညီညွတ်စွာလှုပ်ရှားဆောင်ရွက်သွားနိုင်စေရအောင် ဦးဆောင်သွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည်ဟု ခံယူထားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ယနေ့နိုင်ငံတကာကအာရုံစူးစိုက်တိုးချဲ့ဆောင်ရွက်နေသည့် အမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများတွင် နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအပေါ် သဘောထားမှန်ကန်စွာဖြင့် စေတနာထားပြီး မျှမျှတတဆောင်ရွက်နေသည့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုပြီးဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အမျိုးသမီးများဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရအောင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တက်ညီလက်ညီညှိနှိုင်းပေါင်းစပ်ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့် ဥပဒေနှင့် ညီညွတ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာစွာဖြစ်ထွန်းလာစေရေးအတွက်လည်း အဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်းများ၊ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ဖွဲ့စည်းပုံများကို အကြိမ်ကြိမ် အပြန်အလှန်ဆွေးနွေးသုံးသပ်ပြီး စနစ်တကျချမှတ်ထားပြီးလည်းဖြစ်ကြောင်း။

ရည်ရွယ်ချက်များအနေဖြင့်ကြည့်လျှင် မြန်မာအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးကို–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်**

ဆိုသည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဤရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့်အခြေခံမူများဖြစ်သည့်

- **ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် "အမျိုးသားရေးဆိုင်ရာအခြေခံမူ"**
- **ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးအနက်ထားကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် "တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ"**
- **ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုမည်ဆိုသည့် "လူမှုရေးဆိုင်ရာ အခြေခံမူ"**
- **အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် "အမျိုးသမီးရေးရာ အခြေခံမူ"**

တို့နှင့်အညီသာလျှင် မိမိတို့၏လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံကိုကြည့်မည်ဆိုလျှင်လည်း ဗဟိုအဆင့်တွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ဗဟိုနာယကအဖွဲ့၊ ပြည်နယ်၊ တိုင်းများကကိုယ်စားလှယ်များ အပါအဝင်ဖြစ်သည့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ လေးဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် အတွင်းရေးမှူးအဖွဲ့တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့အပြင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် အထောက်အကူပြုအဖွဲ့တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့အပြင် ဗဟိုအဆင့်အနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အောက်တွင် ရေးရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းထားရာတွင်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လက်ထက်ကလုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့သာ ရှိခဲ့ရာက ယခုဆိုလျှင် ရေးရာကဏ္ဍ (၁၆)ခုအထိ တိုးချဲ့လာသည့်အတွက် လုပ်ငန်းအဖွဲ့(၁၆)ဖွဲ့အထိ တိုးတက်ဖွဲ့စည်းပေးထားသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ပြည်နယ်၊ တိုင်းအလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ကို ဆင့်ကဲဆင့်ကဲ ဖွဲ့စည်းထူထောင်ပေးထားပြီး ဖြစ်သည့်အပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပြည်နယ်နှင့်တိုင်းအလိုက် တာဝန်ခံများကို ထည့်သွင်းဖွဲ့စည်းပေးထားသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ကော်မတီအဆင့်နှင့်မတူညီဘဲ တစ်နိုင်ငံလုံးဖြန့်ကြက်လွှမ်းခြုံပြီး အဖွဲ့ဝင်ဦးရေကန့်သတ်ချက်မရှိ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည့်အတွက် အမျိုးသမီးများ၏ အရေးအရာကိစ္စများသာမက အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါစိတ်ပါဝင်စားသည့်၊ လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မြင့်မားသည့် မြန်မာအမျိုးသမီးတိုင်းသည်အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိခြင်းပင် ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏ကိစ္စများကို တက်တက်ကြွကြွ ညီညီညွတ်ညွတ် ကျယ်ကျယ်ပြန့်ပြန့်

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာအမျိုးသ

မြန်မာအမျိုးသမီး ဖြစ်ရခြင်းသည်ပင်လျှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

...် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိ ...ိုင်းသည်ပင်လျှင် ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်တစ်ရပ်ဟု ဂုဏ်ယူ

တာဝန်ယူဆောင်ရွက်နိုင်စေရန် စနစ်တကျ အဆင့်ဆင့်ခွဲဝေပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်သည့် အားလျော်စွာ ဤအဖွဲ့အစည်းကြီးတစ်ရပ်လုံးသည် မှန်ကန်မြန်ဆန်ထိရောက်သည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုစနစ်များနှင့်တကွ သွက်လက်ထက်မြက်သော ယန္တရားတစ်ရပ်ကဲ့သို့ သွက်လက်ထက်မြက်စွာ လှုပ်ရှားနိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့်ပြောရလျှင် ဗဟိုအဆင့်တွင်ရှိသည့် လုပ်ငန်းအဖွဲ့များသည် မိမိတို့ကဏ္ဍအလိုက် ရည်မှန်းချက်တာဝန်များအပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ချမှတ်ပေးလိုက်သည့် ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းများ၊ စီမံကိန်းများ၊ စီမံချက်များကို လက်တွေ့အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် တာဝန်ရှိသည့်အတွက် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များကိုယ်တိုင်က တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ပီပြင်စနစ်ကျနစွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များတွင် ထည့်သွင်းဖွဲ့စည်းပေးထားသည့် အကြံပေးပုဂ္ဂိုလ်များက အကြံဉာဏ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့အပါအဝင် ပညာရပ်ဆိုင်ရာကဏ္ဍကပါ ပါဝင်အထောက်အကူပြုကြရမည်ဖြစ်ကြောင်း။

ကိုယ်ဖိရင်ဖိဆောင်ရွက်

ထို့အပြင် လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုအဆင့်ကချမှတ်ပေးသော လုပ်ငန်းတာဝန်များ၊ လုပ်ငန်းစီမံချက်များ၊ စီမံကိန်းများသည် အဖွဲ့ချုပ်ကြီး၏ မူဝါဒများ၊ ရပ်တည်ချက်များကို ထင်ဟပ်ဖော်ပြနေမည် ဖြစ်သည်ဆိုသည်ကို သိမြင်ပြီး ဤမူဝါဒ အထိန်းအကွပ်ဘောင်အတွင်းကနေ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည်အထိ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များက တာဝန်ယူပြီး အားကြိုးမာန်တက် ကိုယ်ဖိရင်ဖိဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ကြောင်း။

အလားတူပင် ဗဟိုကချမှတ်ပေးသော လုပ်ငန်းတာဝန်များအပြင် မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ရှိလာခဲ့လျှင်လည်း ဗဟိုအဆင့်ကိုကြိုတင်တင်ပြခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရှင်းပြခဲ့သည့် သာဓကနှင့်အညီ ဗဟိုအဆင့်က ချမှတ်လိုက်သော မူဝါဒများ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၏ မူဘောင်အတွင်းတွင် ဆင့်ကဲဆင့်ကဲ ကြီးကြပ်စီမံကွပ်ကဲမှုများသည် အခြေခံဒေသဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ အဆင့်ဆင့်စီးဆင်း ရောက်ရှိသွားစေရအောင် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားကြရန်၊ အဆင့်အလိုက် သူ့အဆင့်နှင့်သူ လိုက်လျောညီထွေစွာ အထိန်းအကွပ်ဖြင့် တာဝန်ကျေပွန်အောင် တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မူဝါဒချမှတ်ပေးမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သတင်းပေးပို့တင်ပြမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ ပြုပြင်ထိန်းကွပ်ပေးမှု၊ အမိန့်နာခံမှုတို့သည် အထက်အောက် အပြန်အလှန်စီးဆင်းနေရမည်ဖြစ်သကဲ့သို့ အဆင့်တူ အချင်းချင်းတွင်လည်း ညှိနှိုင်းပေါင်းစပ်မှု၊ အကြံဉာဏ်နှင့် သတင်းအချက်အလက် ရယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရအောင် စီမံကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ညှိနှိုင်းပေါင်းစပ်

အထူးသဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စသည့် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ အချင်းချင်းသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့လုပ်ငန်းများ အပြိုင်အဆိုင် ယှဉ်ပြိုင်ဆောင်ရွက်ကြရန်မဟုတ်ဘဲတူညီသောရည်မှန်းချက်များနှင့်အညီ အဖွဲ့ချုပ်ကြီး၏ ချမှတ်ပေးထားသောရည်မှန်းချက်များကို မူဝါဒ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အောင်မြင်ဖြစ်ထွန်းလာစေရအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဆိုသည်ကို ခံယူဆောင်ရွက်သွား ကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံအဆင့်ထိ စိတ်ပါဝင်စားသူ အမျိုးသမီးတိုင်း ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်များသည်လည်း ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သူမများ၊ အလုပ်သမများ၊ တိုင်းရင်းသူများ၊ သာမန်အရပ်သူများ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ စသည့် အလွှာစုံ၊ ကဏ္ဍစုံက အမျိုးသမီးများပါဝင်မည်ဖြစ်သည့်အတွက် တူညီသော ရည်မှန်းချက်ကို အခြေခံသည့် တူညီသော ခံယူချက်ဖြစ်ထွန်းလာစေရအောင်အလွှာစုံတွင်၊ ကဏ္ဍစုံတွင် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာနိုင်ငံအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားရမည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ လွန်စွာကြီးမားကျယ်ပြန့်လှသည်ကို အဖွဲ့ချုပ်၏ တာဝန်ရှိသူတိုင်း၊ အဖွဲ့ဝင်တိုင်းက အလေးအနက် ခံယူထားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

တီထွင်ကြံဆကြိုးပမ်း

အဖွဲ့ချုပ်ကြီးအနေဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အခွင့်အရေးများ၊ အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေး၊ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ အမျိုးသမီးများဘဝ လုံခြုံရေး၊ မိသားစုဘဝ သာယာရေးနှင့် အမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် နည်းလမ်းများ တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ပင်မတာဝန်သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးရမည့်စည်းရုံးရေးနှင့် ပညာဗဟုသုတ ဖြန့်ဝေရေးတာဝန်ဖြစ်သည် ဆိုသည်ကိုတာဝန်ရှိသူများအားလုံးက နားလည်သဘောပေါက်ခံယူပြီး မြန်မာအမျိုးသမီးများ အထူးသဖြင့်အမျိုးသမီးငယ်ရွယ်များ၏ စိတ်ပိုင်းဘဝ တိုးတက်ဖြစ်ထွန်းမှုကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနေစေရအောင်၊ အတွေးအခေါ် လွဲမှားမှုမရှိစေရအောင်၊ လမ်းမှားသို့ မရောက်စေရအောင်၊ မသမာသူများ အဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှုနောက်ကို နားယောင်မသွားစေရအောင် ပညာပေးစည်းရုံးဦးဆောင်သွားကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

စည်းရုံးဦးဆောင်

မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစားထိန်းသိမ်းမြှင့်တင်တတ်သည့်အလေ့အထနှင့်ခံယူချက်ဖြစ်ပေါ်လာအောင်၊မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲမပြတ် ရှင်သန်ထွန်းကားပြန့်ပွားနေစေရအောင် စည်းရုံးဦးဆောင်ပညာပေး ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝတ်စားဆင်ယင်မှု၊ နိစ္စဓူဝ ကျင့်ကြံနေထိုင်ပြောဆိုမှုများကအစ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည့် တိုင်းတစ်ပါးဓလေ့စရိုက်ကို အထင်ကြီးအတုယူမှုများ မဖြစ်ပေါ်စေဘဲ မိမိတို့၏ နူးညံ့ယဉ်ကျေးသိမ်မွေ့သော ဟိရိဩတ္တပ္ပတရားနှစ်ပါးကို အခြေခံသော ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုများ ဖြစ်ထွန်းနေစေရအောင် အဖွဲ့ချုပ်ကြီးက ဦးဆောင်ပြီး ထိန်းသိမ်းပဲ့ပြင်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတတရား ထွန်းကားပြန့်ပွားအောင်၊ မိမိနိုင်ငံ၊ မိမိလူမျိုးကို အထင်ကြီးလေးစားပြီး မိမိနိုင်ငံအပေါ် အားကိုးတွယ်တာသည့်စိတ်ဓာတ် ဖြစ်ထွန်းနေစေရအောင်၊ စာရိတ္တမဏ္ဍိုင်တည့်မတ်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းတတ်သည့် အလေ့အထ ရှင်သန်ပွားများစေရအောင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက စည်းရုံးဦးဆောင်သွားနိုင်ရန် စီမံဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

မြန်မာပီသအောင်

မြန်မာအမျိုးသမီးငယ်ရွယ်များကို မြန်မာပီသအောင်၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင်၊ ထူးချွန်ထက်မြက်သည့် အမျိုးသမီး ခေါင်းဆောင်များဖြစ်လာအောင် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေစွာ ဆက်စပ်မိစေရေးအတွက်လည်း စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူအမျိုးသမီးတိုင်း ပါဝင်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သကဲ့သို့ အဖွဲ့ချုပ်ကြီးအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များသည်လည်း ဆင်းရဲချမ်းသာမရွေး၊ ပညာအရည်အချင်းမရွေး၊ လူမျိုးဘာသာမရွေး မြန်မာအမျိုးသမီးတိုင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းတာဝန်များဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့ကြရမည်ဖြစ်ကြောင်း။

နမူနာစံပြ

ထို့ကြောင့် ယခုကဲ့သို့ ထုထည်ပမာဏ ကြီးမားထည်ဝါသော၊ မွန်မြတ်မြင့်မားသော၊ အမျိုးသားရေးအကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုသော ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စစ်မှန်သော လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဦးဆောင်ကြမည့် အဆင့်ဆင့်သော အမျိုးသမီးခေါင်းဆောင်များသည် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအရသော်လည်းကောင်း၊ စွမ်းဆောင်မှုအရည်အသွေးအရသော်လည်းကောင်း၊ စေတနာထားရှိမှု ဝီရိယစိုက်ထုတ်မှုအရသော်လည်းကောင်း အဘက်ဘက်တွင် နမူနာစံပြဖြစ်နေစေရန် ခေါင်းဆောင်ကောင်းပီသစေရန် အထူးလိုအပ်သည်ဟု အလေးအနက်မှာကြားလိုကြောင်း။

အဖွဲ့ချုပ်ကြီး၏ အဖွဲ့ဝင် အမျိုးသမီးတိုင်းကလည်း သာမန်အဖွဲ့ဝင်များဖြစ်စေကာမူ မိမိတို့ခံယူထားသည့် ကတိသစ္စာနှင့် ကျင့်ဝတ်တို့ကို ခိုင်ခိုင်မြဲမြဲလိုက်နာစောင့်ထိန်းပြီး အဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားရင်း အဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာ တာဝန်များကို အားကြိုးမာန်တက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့အချိန်အခါတွင် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ပြီးကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထိုရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာရောက်ရှိနိုင်ရေးအတွက် အမျိုးသမီးထုကြီးက တက်ကြွစွာ ပါဝင်ကြိုးပမ်းကြရေးအတွက် ဆင့်ကဲဆင့်ကဲ တာဝန်ရှိသူအသီးသီးက စည်းရုံးဦးဆောင် သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သောစွမ်းပကား၊ မြင့်မားခိုင်ကျည်သည့် အမျိုးသားရေးစိတ်ဓာတ်နှင့် ကောင်းမြတ်သော အစဉ်အလာကောင်းများကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားတစ်ရပ်အဖြစ် ပေါင်းစည်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် စနစ်တကျစည်းရုံးဦးဆောင်သွားမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြပါဟု အဆင့်ဆင့်သော တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များနှင့်တကွ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဂမုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercise for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၂၅ ၇။ အကပဒေသာ
- ၅:၄၀ ၈။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၅၀ ၉။ တေးသရုပ်ဖော်အစီအစဉ်
- ၅:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၅ ၁၁။ ဖြူးချောင်းတံတား
- ၆:၁၀ ၁၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၆:၂၀ ၁၃။ Discovery.
- ၆:၃၀ ၁၄။ ညနေခင်းသတင်း
- ၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၆။ **ရင်မှာစွဲထင် ဇာတ်လမ်းရုပ်ရှင် (အပိုင်း-၂)**
- ၇:၂၀ ၁၇။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၈။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၁၆)**
- ၂၃။ **(၅၉)နှစ်မြောက်တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)**
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

ဝိပဿနာတရားတော်များဟောကြားမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်း (အနောက်ခြမ်း)ရှိ မြတ်နှင်းဖြူ မင်္ဂလာခန်းမတွင် ၂၈-၃-၂၀၀၄ရက်မှ ၃၀-၃-၂၀၀၄ရက် အထိ သာယာအေးဆရာတော် အရှင်နရသေဋ္ဌမှ အခြေခံဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုးမှ ပြည့်အကျိုး

★ တိုင်းရင်းသားမှ

နိုင်ငံတော်ကထားရှိသော ရည်မှန်းချက်များကို သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာအောင် ဆောင်ရွက်နိုင်စေရန် မှာကြားဖွယ်ရာများကို တွေ့ဆုံမှာကြားရခြင်းဖြစ်ကြောင်း။

တစ်ချိန်သောကာလက နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသည့် နယ်စပ်အစွန်အဖျားဒေသများသည် မိမိတို့တပ်မတော်အစိုးရခေတ်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းပြီး နယ်မြေဒေသများ အေးချမ်းတည်ငြိမ်လာသည်နှင့်တစ်ပြိုင်နက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

လမ်းညွှန်ချက်များပေးခဲ့

ဤသို့ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏အခြားသော အစိတ်အပိုင်းများနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်လာသည့်အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အကြီးအကဲက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ယှဉ်တွဲပြီး စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ပြည့်ပြည့်ဝဝထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် လမ်းညွှန်ချက်များပေးခဲ့သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် အစီအမံများ စနစ်တကျစီမံချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် အရာရှိများကို လုပ်ငန်းတာဝန်များ ထိထိရောက်ရောက်ကျေကျေပွန်ပွန် နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်စေရန် လိုအပ်သည့်ဖွံ့ဖြိုးရေးဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာများကို အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ယခုသင်တန်းဆိုလျှင် အမှတ်စဉ်(၃)အထိ ရှိခဲ့ပြီဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ထာဝရတိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်းရှိပြီး အမျိုးသားရေးခံယူချက်တူညီစွာ ဖြစ်ထွန်းနေစေရန် အထူးလိုအပ်လှကြောင်း။

ကိုလိုနီခေတ်၏ သွေးခွဲအုပ်ချုပ်မှုဆိုးမွေကြောင့် နိုင်ငံတော်လွတ်လပ်ရေးရခဲ့ပြီးနောက်တွင် တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ အချင်းချင်းသံသယပွားအချင်းများခဲ့ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားလူမျိုးအသီးသီးသည် လူမှုဆက်ဆံရေးပုံစံအမျိုးမျိုး၊ သဘောထားခံယူချက်အမျိုးမျိုးဖြစ်လာခဲ့ရသည်ကို တွေ့နေရကြောင်း။

စည်းလုံးညီညွတ်မှုတည်ဆောက်

ဤသို့ပုံစံအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးဖြစ်နေသည့် တိုင်းရင်းသားများအတွင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ပြီး နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း လူမှုဆက်ဆံရေးပုံစံများ၊ သဘောထားအမြင်များတူညီမှုဖြစ်လာစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယင်းသို့အခြေအနေတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နယ်စပ်ဒေသများအပြင် ပြည်ထောင်စုကြီး၏ နယ်စပ်ဒေသ အစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျပြီး ကွက်လပ်သဖွယ်ကျန်ရှိနေသည့် နိုင်ငံတော်အတွင်းပိုင်း အချက်အချာကျသော နေရာဒေသများတွင်လည်း တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ အခြေခံကောင်းများ ဖြစ်ထွန်းလာအောင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများလည်း ဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ခဲ့ရ ကြောင်း၊ ထို့ပြင် အချို့နေရာဒေသများတွင် ဝိသမစီးပွားရေးသမားများ၏ စီးပွားရေးအမြတ်ထုတ်မှု၊ တရားမဝင်စီးပွားရှာမှု၊ တရားမဝင်စီးပွားကုန်သွယ်မှုများနှင့် နိုင်ငံတော်၏ သဘာဝသယံဇာတများ ခိုးထုတ်မှုများကို တားဆီးနိုင်ရေးအတွက် ယခုအရာရှိများတွင် တာဝန်ရှိကြကြောင်း။

အရာရှိများအနေနှင့် မိမိတာဝန်ထမ်းဆောင်သည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့သဘာဝ သယံဇာတများကို တန်ဖိုးရှိရှိ စနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် မိမိတို့တွင် တာဝန်ရှိသည်ဟု ခံယူပြီး လိုအပ်သည့်ကာကွယ်မှု၊ လိုအပ်သည့် ထိန်းသိမ်းမှုများ ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့မှုမက မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးနှင့် ဒေသခံပြည်သူများအကြား မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအစိုးရအပေါ် ချစ်ခင်မြတ်နိုးမှု၊ ယုံကြည်ကိုးစားမှုစိတ်ထားများ တိုးပွားဖြစ်ထွန်းစေရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာအစုံတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရအောင် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း။

ယင်းရည်မှန်းချက်များ ပြည့်မြောက်စေရေးအတွက်လည်း လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာကဏ္ဍ စသည့် အမျိုးသားရေးကဏ္ဍသုံးရပ်ကို မိမိတို့ဒေသအတွင်းတွင် အခိုင်အမာတည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အပေါ် နိုင်ငံတော်ကပေးအပ်လိုက်သည့် ရည်မှန်းချက်တာဝန်များနှင့်အညီ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ မိမိတို့ဒေသကို ဖြစ်သင့်ဖြစ်ထိုက်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစွာ တိုးတက်ဖြစ်ထွန်းလာအောင်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရအောင် စေတနာနှင့် ဝီရိယအားပေါင်းစပ်ပြီး တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

စံနမူနာပြကြိုးပမ်း

ဝန်ထမ်းကောင်းတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူနေထိုင်ကြရန်၊ အကျင့်စာရိတ္တ မြင့်မားခိုင်ကျည်ရန်၊ စည်းရုံးရေးမှူးကောင်းတစ်ယောက်၏ အရည်အသွေးများနှင့်အညီ ဘက်စုံထောင့်စုံတွင် စံနမူနာပြဖြစ်စေရန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုများဖြင့်လုပ်ငန်းကဏ္ဍအလိုက် ညီညီနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားကြပါဟုလည်း မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်ကအားထားရသည့် အမျိုးသားရေးစွမ်းအားစုများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း စသည့် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ မိမိတို့ဒေသအတွင်း ခိုင်ခိုင်မာမာဖွဲ့စည်း ဖြစ်ထွန်းလာစေရန်နှင့် ယင်းလူမှုရေးအသင်းအဖွဲ့များ၏ စွမ်းပကားကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိရှိ ထိုက်ထိုက်တန်တန်ပေါင်းစပ်အသုံးပြုနိုင်စေရန် စည်းရုံးဦးဆောင်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ-

- **နိုင်ငံတော်ကမျှော်မှန်းထားသည့် မှန်မြတ်မြင့်မားသော ရည်မှန်းချက်များနှင့်အညီ မိမိတို့တာဝန်ကျရာ ဒေသအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ခိုင်ခိုင်ခံ့ခံ့ တိုးတက်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဒေသခံတိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ မြတ်နိုးထိန်းသိမ်းသော စိတ်ဓာတ် စသည့် စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများတိုးပွားဖြစ်ထွန်းခိုင်မာလာစေရအောင် စည်းရုံးဦးဆောင်သွားကြပါ၊**
- **လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာကဏ္ဍများ တိုးတက်ဖြစ်ထွန်းအောင် အခိုင်အမာတည်ဆောက်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်သွားကြပါ**

ဟု တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

မြို့နယ်အမှုဆောင်များစည်းရုံးရေး အခြေခံဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မင်္ဂလာ တောင်ညွန့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စည်းရုံးရေးအခြေခံ ဆင့်ပွားသင်တန်း အမှတ်စဉ် (၂၀)ဖွင့်ပွဲနှင့် ငွေလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းရှိ အဆိုပါ အသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူးမင်္ဂလာတောင်ညွန့်မြို့နယ်တာဝန်ခံ ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တိုင်းအလုပ်အမှုဆောင်များ၊ အရှေ့ပိုင်းခရိုင် အတွင်းရေးမှူး ဦးတင်အောင်နှင့် ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်လင်းနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် (ဗဟို) အတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်းက နွေရာသီတွင် လူငယ်များအတွက် ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သွားရေး၊ အသက်မွေး ပညာရပ်များဖြစ်သည့် အပ်ချုပ်နှင့် ဇာထိုးပန်းထိုးသင်တန်း၊ ကြိမ်၊ ဝါး လက်မှုပညာသင်တန်း၊ ကွန်ပျူတာ သင်တန်းများနှင့် ဂီတသင်တန်း၊ ပန်းချီသင်တန်း၊ အားကစားသင်တန်းများကိုပါ ကြိုးပမ်းဖွင့်လှစ်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် သင်တန်းအတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်းက အလှူငွေကျပ် ၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်လင်းက လက်ခံရယူပြီး မင်္ဂလာတောင်ညွန့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ငွေကျပ် ၁၅၀၀၀၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင်ကိုက ငွေကျပ် ၁၀၀၀၀၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးမင်းမင်းက ငွေကျပ် ၂၀၀၀၀၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး သန်းငွေက ငွေကျပ် ၁၀၀၀၀၊ ဦးမောင်မောင်အေးနှင့် ဦးတင်ဝင်းအောင်တို့က ငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်အား အီတလီသံအမတ်တွေ့ဆုံ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Dr. Raffaele Miniero သည် မတ် ၂၃ရက်နေ့ လယ်ပိုင်းတွင် မြို့တော်ခန်းမရှိ မြို့တော်ဝန်ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**(အပေါ်ပုံ)**

တွေ့ဆုံနှုတ်ဆက်ရာသို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ ကော်မတီဝင်များ၊ဌာနမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၉)

မြို့တော်အိမ်ယာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပြည်လမ်းဘက်ရှိ အင်းလျားကန်ပေါင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ နိုင်ငံတော်မှ

လျှပ်စစ်မီးရရှိရေးအပါအဝင် မြို့ပြလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတကာ လေဆိပ်များအဆင့် အတိုင်းလိုအပ်သော စက်ကိရိယာများ မှာယူတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှု တို့ကိုလည်းကောင်း၊ အလျားပေ၆၀၀၊ အနံပေ၆၀၀ရှိမည့် လေယာဉ်ရပ်နားရန် နေရာ တည်ဆောက်ရေးလုပ်ငန်း အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေဆိပ်တိုးချဲ့ အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီ လေဆိပ် အင်္ဂါရပ်များနှင့် အညီ ဝန်ဆောင်မှုများ ပေးနိုင်ရန်မှာယူ တပ်ဆင်မည့် စက်ပစ္စည်းများကဏ္ဍ အလိုက် အချိန်နှင့် တစ်ပြေးညီတပ်ဆင်ပြီးစီးရေး ဆက်စပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ တည်ဆောက်ရေး စီမံကိန်းအရ ဆောင်ရွက်နေသော လေယာဉ်ရပ်နားရန် နေရာတည်ဆောက်မှုလုပ်ငန်း၊ လေဆိပ် ပင်မတိုးချဲ့အဆောက်အအုံ အုတ်မြစ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် ဦးဝိစာရလမ်းကြားရှိ Pyay Garden Condominium တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဇေကမ္ဘာ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၂၅ထပ် Condominium အဆောက်အအုံ၏ Pileလုပ်ငန်း၊ Pile Capလုပ်ငန်းနှင့် ပထမထပ်ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် လုပ်ငန်းခွင်ရှင်းလင်းခန်းမ၌ ဇေကမ္ဘာ ဆောက်လုပ်ရေး ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၂၅ ထပ် Condominium ဗိသုကာ ပုံစံ၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အခန်းဖွဲ့စည်းမှုတို့ကို ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အဆောက်အအုံခိုင်ခံ့မှု၊ ရာသီဥတုဒဏ်နှင့် ငလျင်ဒဏ် ခံနိုင်မှုတို့အတွက် အထပ်မြင့်အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းရေး ပညာရှင်အဖွဲ့၏ ကြီးကြပ်အကြံပေးမှုကို ရယူဆောင်ရွက်နေမှု၊ အခန်းတိုင်းတွင် အိပ်ခန်း၊ ထမင်းစားခန်း၊ ထမင်းချက်ခန်း၊ မီးဘေးကာကွယ်ရေးစနစ်၊ လေအေးပေးစနစ်၊ အမှိုက်ပစ်စနစ်၊ ဓာတ်လှေခါးနှင့် လုံခြုံရေးစနစ်များ၊ ယာဉ်ရပ်နားရန် နေရာများ၊ နေထိုင်သူများအပန်းဖြေနိုင်စေရန် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Pyay Garden Condominium Project Manager စင်ကာပူနိုင်ငံမှ ပညာရှင် Mr. Barry Meese က အထပ်မြင့်အဆောက်အအုံများတည်ဆောက်ခြင်း အတွေ့အကြုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဆောက်အအုံကြီးကို သေသပ်လှပရေး အင်ဂျင်နီယာလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့ရေးဂရုပြုဆောင်ရွက်ကြရန်မှာကြားသည်။

ပြည်တာဝါ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Pyay Tower တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ National Development Company Group အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းက ၁၈ထပ်မြင့် အဆောက်အအုံနှစ်လုံး တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်လမ်းဘက်ရှိ အင်းလျားကန်ပေါင် သန့်ရှင်းသာယာလှပရေး၊ အလှပင်များ စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၌ ကျောက်တန်းမြို့နယ် အသင်းဓမ္မာရုံ တည်ဆောက်မှုလုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီလုပ်ငန်း ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ မြို့မကွင်း၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊တွဲဖက်စစ်ရေးချုပ်ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ စစ်ရေးပြမှူးကြီး၊ အရန်စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စစ်ကြောင်းကြီးများချီတက်စစ်ရေးပြမှုသည် ယခင်နှစ်များကထက် ပိုမိုကောင်းမွန်ပြီး ကော်မတီအသီးသီးကလည်း လုပ်ငန်းများတာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လာမည့်နှစ် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကိုလည်း ယခုထက်ပိုမိုအောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးက လုပ်ငန်းအလိုက် အားသာချက်၊ အားနည်းချက်များကို ယခုအစည်းအဝေးတွင် သုံးသပ်တင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်(၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးသန်းစိုးက (၅၉)နှစ်မြောက် တပ်မတော်နေ့ အသုံးစရိတ် ငွေစာရင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို သုံးသပ်ဆွေးနွေး တင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း ခင်းကျင်းပြသရေးကော်မတီ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အပါအဝင် ကော်မတီ၊ လုပ်ငန်းကော်မတီ အသီးသီးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ရေးပြမှူးကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၅နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ များတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ချုပ်လမ်းရှိ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲ ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့်စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိတပ်ရင်း တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲများတွင် ရန်ကုန်တိုင်း အတွင်းမှ အထူးဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲ ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အထူးဆုရရှိသူများအား ဆုများချီးမြှင့်ရာ ဝတ္ထုရှည်ပြိုင်ပွဲ တွင် ဦးလှရှိန် (သာခုမြေ – ဘုန်းရှိန်)၊ ဦးလှသိန်း (ဇော်မြင့်သိန်း)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ဗိုလ်ကြီးနေလင်း (မောင်ချိုဝေ)၊ ဒုတိယဗိုလ်မှူးကြီး သာဌေး(နီငြိမ်း –အညာတက္ကသိုလ်)၊ ဦးသန်းထွန်း (မောင်တင့်ထွန်း – စကု)၊ ဆောင်းပါးပြိုင်ပွဲ တွင် သမားတော် ဦးမျိုးအောင် (မင်္ဂလာဒုံ–မျိုးအောင်)၊ ဗိုလ်မှူး တင်မောင်လွင်(မင်းမြတ်မွန်)၊ ဓာတ်ပုံပြိုင်ပွဲတွင် (ဖွံ့ဖြိုးသာယာပြည်မြန်မာ–လူသစ်တန်း)၌ အေကေမိုး(သတ္တဗေဒ)၊ အောင်မင်းဦး (မီးရထား)၊ ညောင်ဦး–ဖိုးချို၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ဓာတ်ပုံပြိုင်ပွဲ (ယဉ်ကျေးမှု အမွေစောင့်ထိန်းလေ–လူသစ်တန်း)၌ ဦးသိန်းကြည်၊ ဇော်ရဲထွဋ် (တနင်္သာရီ)၊ မောင်မောင်စိုး (သစ်တော)၊ ကျော်သာ(ဟိုက်ချင်း)တို့အား လည်းကောင်း၊ (စစ်ချီတေး၊ စစ်ရေးတေး) ပြိုင်ပွဲတွင်စစ်ချီတေးပြိုင်ပွဲ၌ ဦးသိန်းစိုး၊ တပ်ကြပ်သန်းထွဋ်၊ တပ်ကြပ်ကြီး မြင့်လွင်၊ စစ်ရေးတေးပြိုင်ပွဲ၌ တပ်ကြပ်ကြီးမြင့်လွင်၊ အရာခံဗိုလ်ဝင်း ထွန်း၊ ဦးဝင်းမြင့်(စိုးထွဋ်ခိုင်) ဦးလေးနိုင်၊ ထွန်းထွန်းမင်း၊ အိရွှေစင်မင်း၊ ဒုတိယအရာခံ ဗိုလ်ဝင်းမောင်ကိုတင့်လွင်၊ ပန်းချီပြိုင်ပွဲ (မူကြိုအဆင့်)တွင် မောင်အောင်ကောင်းမြတ်၊ မောင်ပြည့် ဖြိုးထွန်း၊ မသက်နုခင်၊ မပတ္တမြားခင်၊ မနှင်းနှင်းထွေး၊ ပန်းချီပြိုင်ပွဲ (မူလတန်းအဆင့်ငယ်)တွင် မငြိမ်းဆုသာ၊ မြတ်သီရိထွန်း၊ မောင်ထက်အောင်ရှိုင်း၊ မောင်ထက်လင်းစံ၊ မောင်ပြည့်ဟိန်းထက်၊ (မူလတန်း အကြီးအဆင့်) တွင် မောင်တိုးဝေယံ၊ မောင်စည်သူအောင်၊ မဆုယမင်း၊ မောင်ထက်နိုင်လင်း၊ (အလယ်တန်းအဆင့်)တွင် မတင်ဇာလွင်၊ မောင်အောင်နိုင်ဦး၊ မမြတ်သီရိမောင်၊ မောင်ကောင်းထက်၊ မဆုမြတ်နိုး (အထက်တန်းအဆင့်)တွင် မဝင်းသူဟန်၊ မောင်ကောင်းမြတ်မင်းစိုး၊ မမိမိချိုသန်း၊ မောင်ဆုပိုင်ထွန်း၊ မောင်ဖြိုးဇင်လတ်၊ (အလွတ်တန်းအဆင့်) တွင် မောင်ရဲကျော်စွာ၊ ဦးသိန်းကျော်၊ ဦးမောင်ဦး၊ ပန်းပုပြိုင်ပွဲ (အလွတ်တန်း–ပလပ်စတာ)တွင် မောင်ခင်မိုးထွဋ်၊ မောင်စိုးမြင့်သူ၊ မောင်အောင်ဇော်ဇော်ငြိမ်း၊ (အလွတ်တန်း–သစ်သား)တွင် ကိုသိန်းဇော်၊ ဦးတင်ညွန့်၊ အောင်ရာဇာဦး၊ ဦးဌေးလွင်၊ ဦးရွှေဝင်းသန့် တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စာစီစာကုံး ကဗျာ(တို)(ရှည်)ပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား ဆုများချီးမြှင့်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)တွင် ဗိုလ်လောင်းကောင်းမြတ်လှိုင်၊ ဝဏ္ဏထွန်း၊ မောင်တင်ကိုကိုလွင်၊ မလဲ့ရီပိုင်၊ မောင်ထက်သူအောင်၊ စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာ အထက်တန်းအဆင့်) တွင် မခိုင်မာလာညွန့်၊ တက္ကသိုလ် ကောလိပ်၊ သိပ္ပံအဆင့်တွင် မောင်သီဟထွန်း၊ ကဗျာပြိုင်ပွဲ တွင် တက္ကသိုလ် ကောလိပ်အဆင့်၌ မောင်သီဟထွန်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် မောင်သုတဇော်၊ ကဗျာတိုအဆင့် (၂) ပြိုင်ပွဲ တွင် ဦးအောင်သိန်း (အောင်သိန်း–စစ်ကိုင်း)၊ မေသက်နွယ်ဦး၊ စိုးတင့်ထူး(မအူပင်)၊ ချစ်ဒေါင်းနွယ်၊ မောင်ဘုန်းဝေ (တောင်ကုတ်)၊ ကဗျာရှည်ပြိုင်ပွဲတွင် တက္ကသိုလ်နွယ်သဇင်၊ ရွှင်လန်း၊ သာခုမြေဘုန်းရှိန် ၊နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် မောင်အောင်ခင်ဇော်၊ မောင်သန်းထိုက်ဦး၊ မအိအိလှိုင်၊ မပန်းပပလှိုင်၊ မဆုဝတီနွယ်၊ ကျပန်းစကားပြောပြိုင်ပွဲ (အလယ်တန်းအဆင့်)တွင် မောင်ရာဇာဝင်းထွန်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲကျင်းပ နိုင်ငံပိုင် သံမဏိစက်ရုံမှ တီထွင်ထုတ်လုပ်သော အရည်အသွေးမီသံပေါင်များသုံးစွဲထား စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်၏ မြို့ပြနှင့် ကျေးလက်ဒေသများ အဆင့်အတန်းမြင့်မားလာမည်

ရန်ကုန် မတ် ၂၈

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲ အခမ်းအနားများကို မတ် ၂၄ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားများ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ တက်ရောက်ချီးမြှင့်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြား၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ တံတားများဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ မြို့မတံတားဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရပြီးသည့် နောက်ပိုင်းတွင် **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး တစ်နိုင်ငံလုံး၌ကွက်လပ်မကျန်ရအောင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ၁၀၀ကျော်သော တိုင်းရင်းသားမျိုးနွယ်စု အားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြောင်း။

ယခင်က မုံရွာမြို့မှ ကလေးဝ၊ ကလေးမြို့ကိုသွားမည်ဆိုလျှင် မိုင် ၁၆၀ ခန့်ရှိသည့် မုံရွာ-ရေဦး-တန့်ဆည်-သက္ကယ်ကျင်း-ကလေးဝလမ်းအတိုင်း မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားရခြင်းဖြစ်ကြောင်း၊အထူးသဖြင့် မိုးတွင်းကာလတွင် ခက်ခက်ခဲခဲ သတိထားသွားနေရသည့်လမ်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသဖွံ့ဖြိုးရေး၊ ချင်းပြည်နယ် (မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သော ကလေးဒေသနှင့် ဆက်သွယ်သွားလာမှုလွယ်ကူမြန်ဆန်ရေးအတွက် ဦးတည်ရည်မှန်းပြီး မုံရွာ-ယာကြီး-ကလေးဝလမ်းကြောင်းသစ်ကို ဖောက်လုပ်စေခဲ့ကြောင်း။

ဤကားလမ်းသစ်သည် ၁၁၅မိုင်ခန့်ရှိသည့်အတွက် ရေဦးနှင့် သက္ကယ်ကျင်းမှ ပတ်သွားရသောလမ်းထက် ၄၅မိုင်ခန့် သက်သာတိုတောင်းသွားသည့် အပြင် မုံရွာမှ ကလေးဝ-ကလေး တမူးကို ဖြစ်စေ၊ ကလေး-ဟားခါး၊ တီးတိန်ကို ဖြစ်စေ သွက်လက်မြန်ဆန်စွာ အချိန်တိုတိုဖြင့် သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

မုံရွာ-ယာကြီး-ကလေးဝလမ်းကြောင်းသစ်တွင် တံတားအကြီးအငယ် ၁၇၄စင်းရှိပြီး သစ်သားတံတား ၁၅၃ စင်း ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ တောင်ကျချောင်းရေ အစီးကြမ်းသော ချောင်းများတွင် သစ်သားတံတားဖြင့် မလုံလောက်သည့်အတွက် သံပေါင်ရက်မတံတား ရှစ်စင်း၊ ကွန်ကရစ်တံတား ၁၃စင်း စုစုပေါင်း ၂၁စင်းကို ယခုနှစ်အတွင်းတွင် အခိုင်အမာ တည်ဆောက်ခဲ့ကြောင်း။

ယင်းတံတားများတွင် ယခုဖွင့်လှစ်သည့် တံတား နှစ်စင်းအပါအဝင် ပေ ၁၈၀အထက် တံတားကြီးလေးစင်း ပါဝင်ကြောင်း။

ဤလမ်းမသစ်ကြီးမှာ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ကို ဆက်သွယ်ပေးပြီး လမ်းမကြီးတစ်လျှောက် တည်ရှိနေသည့် ကနီမြို့၊ မင်းကင်းမြို့နှင့် ကျေးရွာများအတွက်ပါ များစွာ အထောက်အကူပြု အသုံးဝင်သွားမည့် လမ်းမကြီးအဖြစ် သားစဉ်မြေးဆက် အကျိုးပြုသွားမှာဖြစ်ကြောင်း။

ယခု မြို့မတံတားနှင့် တိန်းတံတားကို စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် တပ်မတော် အင်ဂျင်နီယာများက တစ်နှစ်အတွင်း အချိန်တိုကာလဖြင့် နေ့မအားညမနားကြိုးစားတည်ဆောက်သွားခြင်းပင်ဖြစ်ကြောင်း၊ ထူးထူးခြားခြား မှတ်တမ်းတင်ရမည်မှာ နိုင်ငံခြားဖြစ်သံပေါင်များအစား နိုင်ငံပိုင်ခေတ်မီသံမဏိစက်ရုံက တီထွင်ထုတ်လုပ်သောပြည်တွင်းဖြစ် အရည်အသွေးမီ သံပေါင်များကို သုံးစွဲထားခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း လမ်းနှင့် တံတား တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ၁၉၈၇-၈၈ တွင် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေလမ်း စုစုပေါင်း ၁၃၆၃၅မိုင်ရှိရာမှ ယခုနှစ်တွင် ၁၈၁၁၂ မိုင်အထိ ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ပေ ၁၈၀ နှင့်အထက် တံတားများကိုလည်း ၁၉၈၈မှ ယခုနှစ်အထိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၁၆၉စင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ခြောက်စင်း၊ တပ်မတော်မှ ယခုဖွင့်လှစ်သည့် မြို့မတံတားနှင့် တိန်းတံတား အပါအဝင် ခုနစ်စင်း စုစုပေါင်း ၁၈၂ စင်း တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တည်ဆောက်ပြီး တံတားများမှာ ၁၉၉၉ခုနှစ် မတ်လ ၁၃ရက်နေ့တွင် လှိုင်းဘွဲ့မြစ်ကူးတံတား (ဒေါ်လန်း)၊ ၂၀၀၁ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ငမိုးရိပ်တံတား၊ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ပသောင်းတံတားနှင့် ၂၀၀၄ခုနှစ် ဇန်နဝါရီ၃ရက်တွင် ပုထိုးလုံးနှင့် လပင်တံတားတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်သည့် မြို့မတံတားနှင့် တိန်းတံတားအပါအဝင် တံတားကြီး ခုနစ်စင်း ရှိသွားပြီဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်ဆဲ တံတားများလည်း ရှိသေးကြောင်း၊ တပ်မတော်က ဖောက်လုပ်နေသော လမ်းများမှာ မုံရွာ-ကလေးဝလမ်း ၁၁၅မိုင်၊ ခိုလန်-ကျိုင်းတောင်းလမ်း ၄၁မိုင်၊ မိုင်းပန်-ကျိုင်းတောင်းလမ်း ၄၆မိုင်၊ မိုးနဲ-ကျိုင်းတောင်းလမ်း ၄၅မိုင်၊ ပန်လီ-နမ့်ဟိုင်း-ဘိုရိုး-တာချီလိတ် လမ်း ၇၈မိုင် လေးဖာလုံ၊ မိုင်းခုတ်-မိုင်းတွမ်းလမ်း ၂၅မိုင်တို့ ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ-ယာကြီး- ကလေးဝလမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲ အခမ်းအနားတွင် မြို့မတံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းပြည်၏ ရေမြေသဘာဝ လိုအပ်ချက်အရ မဖြစ်မနေ လုပ်ဆောင်ရမည့် အခြေခံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အဖြစ် ဆည်မြောင်းတာတမံများ၊ လမ်းများ၊ တံတားများ တည်ဆောက်ခြင်းပင် ဖြစ်ကြောင်း၊ ဤအခြေခံလုပ်ငန်းကြီးများ အကောင်အထည်ပေါ်လာမှသာ တစ်ဆက်တည်း ဆောင်ရွက်ရမည့် စီးပွားရေးနှင့် လူနေမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းကြီးများကို အောင်မြင်အောင် ဆက်လက် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ အရ ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး လမ်းပန်းဆက်သွယ်မှု အခြေခံ အဆောက်အအုံများကို တစ်ခုပြီးတစ်ခု တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိုယ့်အင်ကိုယ့်အားဖြင့် တည်ဆောက်နိုင်ခြင်းမှာလည်း နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည့်အတွက်ကြောင့်ပင် ဖြစ်ကြောင်း။

နိုင်ငံတော်၏ စေတနာမှန်ဖြင့် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည့် မုံရွာ-ယာကြီး-ကလေးဝလမ်းနှင့် ဤလမ်းပေါ်မှာရှိသည့် တံတားများ ပြီးစီးသွားလျှင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်၏ မြို့ပြများ၊ ကျေးလက်ဒေသများပါ လူမှုရေးအဆင့်အတန်း၊ စီးပွားရေး အဆင့်အတန်းများ တစ်နှစ်ထက် တစ်နှစ် တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မြို့မတံတားနှင့် တိန်းတံတားတို့သည် စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀အထက် တံတားများအနက် ၂၄စင်းနှင့် ၂၅စင်းမြောက် တံတားများ ဖြစ်ပြီး မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းပေါ်တွင်တည်ရှိကြောင်း၊ ဤလမ်းမကြီးပေါ်တွင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အခိုင်အမာ တံတား ၂၁စင်းသည်လည်း ဆောက်လုပ်ပြီး ဖြစ်ကြောင်း၊ ထို့ပြင် မြစ်သာမြစ်ကူးတံတား(ကလေးဝ)ကို မကြာမီ အချိန်အတွင်း ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် တံတားများနှင့် အတူ အရှည် ၁၁၅မိုင်ရှိသည့် မုံရွာ-ယာကြီး-ကလေးဝ အဆင့်မြင့်ကတ္တရာ လမ်းမကြီးကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်ခဲ့ကြောင်း၊ ဤလမ်းမကြီးသည် ယခင် မုံရွာ-ရေဦး-ကလေးဝလမ်း ထက် ခရီးမိုင် ၄၀ခန့် သက်သာပြီး ယခင်ကကဲ့သို့ ဇက်ရေယာဉ်ဖြင့် ကူးရန်မလိုတော့၍ ရာသီမရွေးသွားလာ နိုင်မည့် လုံခြုံချောမွေ့သော လမ်းပန်း ဆက်သွယ်ရေးအရသာကို ဒေသခံ ပြည်သူများ ခံစားကြရမှာဖြစ်ကြောင်း။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အခိုင်အမာ တည်ဆောက်ထားသည့် ဤမြို့မ တံတားနှင့် တိန်းတံတားတို့ကို မင်္ဂလာ ရှိစွာဖြင့် ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်အနေနှင့်ရော မိမိတို့ အနေ ဖြင့်ပါ အထူးပင် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ တံတားကြီး မတည်ဆောက်မီက ကလေးဝမှ မုံရွာသို့ ကားဖြင့် ၁၂နာရီသာသာ ခရီးကြမ်း မောင်းနှင်ခဲ့ကြရပြီး မိုးရာသီတွင် သွားလာ ရန် အလွန်ခက်ခဲသည့် ဒေသများ ဖြစ်ကြောင်း၊ ဤတံတားကြီးများနှင့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်း၏ အကျိုးကျေးဇူးကြောင့် ကားဖြင့် လေးနာရီသာသာ မောင်းနှင်ရမှာဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမှာ ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

စာမျက်နှာ ၁၃ ကော်လံ ၁သို့ ☆



၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်ပေါ်ရှိ တိန်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံ-ညောင်ဦးနှင့် မန္တလေး၌ လေ့လာ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၅ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ ညနေ ၃နာရီတွင် ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော် ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ - နိုင်ငံတော် ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြာသာဒ်ကြီးဘုရားနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားများအား ကြည်ညိုကြပြီး ပုဂံဒေသ၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် ဝန်ကြီး ဦးစိုးသာ၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာနန္ဒာဘုရားဖူးမြော်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၆ရက် နံနက် ၈နာရီတွင် အာနန္ဒာဘုရားအား ပန်းဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုပြီး ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဟန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဦးအောင်ကြိုင်တို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ရုပ်တော်မှ ဗုဒ္ဓဆင်းတုတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် စေတီတော်ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဆုတောင်းပြည့်ဘုရားအား ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ နှင့် အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၁၁နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၁၁နာရီ မိနစ် ၂၀တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော်အရာရှိများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာလီရွှေလင်းနှင့် ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ လိုက်ပါလျက် ညနေ ၄နာရီတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရွှေနန်းတော်ပြတိုက်လေ့လာ

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ဝင်းအတွင်းရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်သို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းရှိ ကကုသန်ဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် အရှေ့တောင်ထောင့်ရှိ ဂြိုဟ်ပြေနံ့ပြေ ဘုရားရုပ်ပွားတော်မြတ်များအား ရေသပ္ပါယ်ပြီး မန္တလေးတောင်ပေါ်မှနေ၍ မြို့၏ဖွံ့ဖြိုးတိုးတက်မှုများနှင့် မန္တလေးမြို့၏ ရှုခင်းအလှကို ကြည့်ရှုသည်။

ပြန်လည်ထွက်ခွာ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ - နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မတ် ၂၃ရက်မှ ၂၇ရက်အထိ ငါးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ယမန်နေ့ နံနက် ၉ နာရီမိနစ် ၂၀တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ - နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော်အရာရှိများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းနှင့် ကောင်စစ်ဝန်ချုပ် မစ္စတာလီရွှေလင်း၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အထူးလေယာဉ်ပေါ်သို့ မတက်ရောက်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား မန္တလေးနန်းမြို့ရိုးနှင့် ကျုံးတော်ပုံ ကျောက်စီပန်းချီကားတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

☆ စာမျက်နှာ ၁၂ မှ

ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက မြို့မတံတားနှင့်တိန်းတံတား တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က မြို့မတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့မတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြပြီး မြို့မတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

မြို့မတံတား၏ ခန်းဖွင့်မှာ ပေ ၉၀ လေးခန်းနှင့် ပေ ၆၀ သုံးခန်း၊ တံတား အရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀နှင့် အမြင့် ၁၀ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည် သံကူကွန်ကရစ်တိုင်၊ အုတ်မြစ်မှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ တိန်းတံတားဖွင့်ပွဲ အခမ်းအနားကျင်းပမည့်နေရာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး တိန်းတံတားထိပ် မုခ်ဦး၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းတို့က တိန်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်လိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တိန်းတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြပြီး တိန်းတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

တိန်းတံတား၏ခန်းဖွင့်မှာ ပေ ၉၀ လေးခန်း၊ တံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀၊ အမြင့် ၁၀ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည် သံကူကွန်ကရစ်တိုင်၊ အုတ်မြစ်မှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကလေးဝ-မော်လိုက် လမ်းကြောင်းပြမြေပုံကြမ်း

လောင်စာတွေကိုရှင်း၊
မီးဘေးအန္တရာယ်ကင်း

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၂၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးစံကြည်၊ ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့်ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

ဂုဏာပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို မကွေးမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ မတ် ၇ရက် နေ့လယ်ပိုင်းက ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးအေးကို(မြန်မာကိုင်ဒို) **(ယာပုံ)**နှင့် ဦးကြည်မော် (ဒုတိယဥက္ကဋ္ဌ၊ ထွန်းမိသားစုသစ်စက်)တို့က ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင်မဆုသစ်သစ်နိုင်အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

(က-ပ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ မြကန်သာ(၃)လမ်း၊ ခြံအမှတ်(V-26)နေ
ဗိုလ်ကြီးမြင့်စိုး-ဒေါ်သက်သက်တို့၏ တစ်ဦးတည်းသောသား

မောင်စိုးရွှေမြင့်
B.Sc(Hons:), M.Sc(Eng: Phy:), IDCS(UK)

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ ခြံအမှတ်(118-A/B)နေ
သမိုင်းတံခွန်ဦးထွန်းနွယ်-ဒေါ်မြင့်မြင့်ကြည်(ပညာအောင်တံခွန်ကျောင်းသူသီးသန့်ဘော်ဒါ)တို့၏ သမီးလတ်

မသန္တာထွန်း: B.Sc (Phy:)
First Baby Pre School

တို့၏ ၂၇-၃-၂၀၀၄ ရက်နေ့ IBCတွင် ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ဝင်၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းနှင့်ဇနီး ဒေါ်ခင်ရီ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ရန်ကုန်တက္ကသိုလ် ရူပဗေဒပါမောက္ခ ဒေါက်တာစိန်ထွန်း(Dean of Eng:)နှင့် ဇနီး ဒေါ်တင်မူသိန်း၊ ၁၄-၂-၂၀၀၄ ရက်နေ့ IBC တွင် ကျင်းပသော စေ့စပ်မင်္ဂလာပွဲ၌ စေ့စပ်ကြောင်းလမ်းစကားပြောကြားပေးကြသော ဦးရဲမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရေနံနှင့်ဓာတုရုံးချုပ်)၊ ဂုဏ်ထူးဦးသိန်းနိုင်(မြန်မာစာ)၊ ၂၄-၃-၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးလက်ထပ်ပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ တေးဂီတစန္ဒရား သိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မအိကေခိုင်ထွန်း၊ မင်္ဂလာဗန်းကိုင်ဆောင်ပေးသော ညီမလေး မေဆွိ၊ သတို့သားအရံ မောင်သန်းမြတ်ထွေး၊ သတို့သမီးအရံ မမေမြတ်ဝါဆို၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ အစစအရာရာ ကူညီပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော IBC နှင့် နီနီပွင့်၊ ဓာတ်ပုံရိုက်ကူးပေးသော တက္ကသိုလ်စိန်ဝင်း၊ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာစေတနာဖြင့် မင်္ဂလာလက်ဆောင်များ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် IBC မန်နေဂျာ အန်ကယ်ဗိုလ်မှူးမောင်ငြိမ်းနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးရွှေမြင့်-မသန္တာထွန်း။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** **Monopoly** (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘုဏ်ကျယ်လေး"(အပိုင်း-၂)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သောအယ်ဒီတာ" (မြဝတီဂုဏ်ပြုဇာတ်လမ်း) ဇေယျာသန်းထိုက်၊အိန္ဒြာကျော်ဇင်၊ မြဝတီဝန်ထမ်းများ [ဒါရိုက်တာ-ထူး]**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

၂၀၀၄ ခုနှစ်၊ နှစ်သစ်ကူးသင်္ကြန် လက်ဆောင်ပေးနေပါပြီ။

ပိုးလပြည့်ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော Scorpion C Plus (2 in 1) သီးစုံအားဖြည့် အချိုရည်ဘူးများကို သောက်သုံးသူပြည်သူများအား ပြန်လည်တုံ့ပြန်သောစေတနာဖြင့် အောက်ပါအတိုင်းအထူးဈေးနှုန်းများနှင့် (၂၄. ၃. ၂၀၀၄) မှ (၉. ၄. ၂၀၀၄)နေ့အထိ(၁၇)ရက်တိတိ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလိုက်ပါပြီ။



အထူးရောင်းဈေးနှုန်း

-Scorpion C Plus (2 in 1) (250 ml) တစ်ဘူး (၃၀)ကျပ်နှုန်း

-Scorpion C Plus (2 in 1) (250 ml) (၂၄ဘူးပါ) တစ်ဖာ (၇၂၀)ကျပ်နှုန်း

ရက်ပိုင်းအတွင်းသာဖြစ်၍၊ ရောင်းချခြင်းဖြစ်ပါ၍ မရမှီ မပြတ်မီလေးအောင် အောက်ပါလိပ်စာတွင် ဝယ်ယူရရှိနိုင်ပါသည်။ အရောင်းကားများတွင်လည်း တိုက်ရိုက်ဝယ်ယူနိုင်ပါသည်။

မဟာသင်္ကြန်ရက်အတွင်း

(၁) အလှူအတန်း ပြုလုပ်လိုသူများ၊

(၂) ရဟန်းသံဃာတော်များအတွက် လှူဒါန်းလိုသူများ၊

(၃) တရားရိပ်သာများ၌ တရားစခန်းဝင်သူများ၊

(၄) C Plus အချိုရည်ကို နှစ်ခြိုက်စွာသောက်သုံးသူများ၊

(၅) တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ၊

ဆက်သွယ်ရန်လိပ်စာ---

ရန်ကုန်ရုံးချုပ် - အမှတ်(၅၇/၅၉) စက်မှုဇုန်(၄)လမ်း (စ)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၃၃၉၅ ၅၇၁၃၀၁ ၇၀၅၂၂၅ မိုဘိုင်း ၀၉၂

မန္တလေးရုံးခွဲ - အမှတ်(၈/၁၅) ကျွဲဆည်တန်(၂) လမ်းထိပ် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး မန္တလေးမြို့။
ဖုန်း-၀၂-၇၀၀၄၂ ၇၀၀၀၉။

မြင်းခြံရုံးခွဲ - အမှတ်(၃၀၈) ဝန်းသိုတန်းလမ်း ဆံတော်ရပ် မြင်းခြံမြို့။
ဖုန်း-၀၅၃-၂၁၃၉၃ ၂၁၃၉၁

နှစ်ပေါင်း (၉၀၀)က၊ ပုဂံရွှေခေတ်ကို မှင်လင်းစွာ ရှမ်းရှံပြသလာခြင်း-

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေမလဲ

တက္ကသိုလ်စိန်တင် + စိန်(ပညာရေး)

ချစ်သမီးလေး မျိုးမွန်သွယ်သို့ မွေးနေ့ဆုမွန်

၂၉-၃-၂၀၀၄ရက်နေ့တွင်ကျရောက်သော ဖေဖေ၊ မေမေ၊ မမကြီးတို့၏ အချစ်ဆုံးသမီးငယ်လေး မျိုးမွန်သွယ် [3rd Year GTC (EC)]၏ (၂၀)ပြည့်နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းများစွာသို့တိုင် သာယာချမ်းမြေ့ပြည့်စုံသော ဘဝဖြင့် လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ချစ်ဖေဖေ-ဦးခင်မောင်တင့်

တိုင်းဥပဒေအရာရှိ၊ စစ်ကိုင်းတိုင်းဥပဒေရုံး

ချစ်မေမေ-ဒေါ်ခင်မျိုးမြင့် (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)

ချစ်မမကြီး-ဒေါက်တာဆွေရည်တင့်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၁၀)လမ်း၊ ပဲခူးကျောင်းတိုက်အတွင်း ဆောက်လုပ်လှူဒါန်း၍ ပြီးစီးခဲ့သော **သာသနာ့တေဇာ** သိမ်တော်မြတ် စုပေါင်းရေစက်ချ အလှူမင်္ဂလာကို ၁၃၆၅ခုနှောင်းတန်ခူးလပြည့်၊ ၄-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက်(၈)နာရီတိတိ အချိန်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင်အလှူရှင်၊ အလှူ့အမ ပါရမီရှင်များအားလုံး အတူတကွ တရားနာယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဆရာတော်အရှင်တေဇနှင့်အမှုဆောင်အဖွဲ့။

ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်(လစာငွေကျပ်ဖြင့်သာ)

(၁) **အလုပ်အမျိုးအစား** ဆေးနှင့် ဆေးပစ္စည်းများရောင်းချခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ကြီးကြပ်ခြင်း
အရည်အချင်း ဆေးပညာဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုပညာဘွဲ့ ရရှိပြီးသူများ
လိုအပ်သော ဝန်ထမ်းဦးရေ ကျား(၄)ဦး၊ အသက်(၃၅)နှစ်ထက် မကြီးရ။

(၂) **အလုပ်အမျိုးအစား** ဆေးဝါးရောင်းချခြင်းနှင့် အရောင်းမြှင့်တင်ခြင်းလုပ်ငန်း
အရည်အချင်း အနည်းဆုံး တက္ကသိုလ်ဘွဲ့ရရှိပြီးသူများ
လိုအပ်သော ဝန်ထမ်းဦးရေ ကျား(၅)ဦး၊ မ(၁၀)ဦး၊ အသက်(၃၀)နှစ်ထက်မကြီးရ။

လျှောက်လွှာတွင် ကိုယ်ရေးအချက်များဖော်ပြပြီး အထောက်အထား စာရွက်စာတမ်း၊ မိတ္တူများ၊ မြို့ရွာရပ်ကွက်တွင်းနေထိုင်ကြောင်း အထောက်အထားများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် မကြာမီက ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ကြော်ငြာသည့်နေ့မှ(၁၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

စာရွက်စာတမ်းမူရင်းများအားလုံး တင်ပြရန် တစ်ပါတည်းယူဆောင်လာရပါမည်။

Pharmaceutical Products Ltd
No(151), 50th Street, Pazundaung Township, Yangon.

ရွှေစိုးစည်သီ သင်တန်းကျောင်းကြီးများ

☎ 373275
708342

ရွှေထူးလွင် ဘုရားဖူးခရီးဆောင်ရေး

Ph : 254608, 377921, 708927

ဆရာစံ - ဓာတ်ခိုင်

၂၀၀၄-၀၅ ပျောက်နှမ်

ရှစ်နှစ်ပြည့် ပြည်မြန်မာ အထူးထုတ်

... Miss ASEAN MYANMAR ... GCE (A) Level ...

မဟာသကြံ့န်အထူးအစီအစဉ်

ရေအားအထူးကောင်းမွန်သော ရေစုပ်စက် 2",3",4" Pressureနှင့်

များကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးနေပါသည်။

ကျပန်စက်အစစ်အသစ်များကိုသာငှားပေးပါမည်။

သန်းငွေအောင်

အမှတ်(D/၃၂)၊ ...

ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)

(1) Chief Engineer / Asst: Chief Engineer (For Construction) (2) ဦး
(2) Project Manager / Asst: Project Manager (For Construction) (2) ဦး
(3) Contract Manager (For Construction) (2) ဦး
(4) Engineer / Asst: Engineer (For Consturction) (3) ဦး
(5) Accountant (For Construction) (2) ဦး
(6) Asst: General Manager / Manager (Planning) (1) ဦး
(M.B.A, D.M.A ...)
(7) Executive (Admin) (3) ဦး
(8) Asst: General Manager / Manager (Sales & Marketing) (2) ဦး
(M.B.A, Marketing Diploma ...)
(9) Asst: Manager (Sales & Marketing) (3) ဦး
(Marketing Diploma ... Door to Door Mkt. ...)
(10) Executive (Sales & Marketing) (6) ဦး
(Door to Door Mkt. ... Sales ...)
(11) Senior Sales Engineer / Sales Engineer (3) ဦး
B.E-Mech, Civil, E.P, E.C, Chemical ...
(12) Senior Engineer (Research & Development) (3) ဦး
(B.E, M.E-Civil, Mech, Chemical ...)
(13) Senior Engineer (Installation) (4) ဦး
(B.E, M.E-Mech, Civil, E.P, Chemical ...)
(14) Technican (Installation) (5) ဦး
(T.H.S, / T.C-Mech, Electrical)
(15) Electrician (2) ဦး

Supreme Group Of Companies

Golden Flower Co.,Ltd

မှတည်ဆောက်ထားသော

ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ

သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊သင်္ဃန်းကျွန်းမြို့နယ်။

(သုဝဏ္ဏအားကစားကွင်းအနီး)

အသစ်စက်စက်၊အဆင့်မြင့် တိုက်ခန်းကျယ်များ

ကြမ်းပြင်ပါကေးကျွန်းပါနှင့်Wall Paper တို့ဖြင့်ပြင်ဆင်ထားပြီးအဆင့်သင့်ထက်နေနိုင်ပါသည်။

တိုက်ခန်းအကျယ်အဝန်း
2300 Sft
2800 Sft

အမြတ်ဆွမ်းကိုရောင်းချသူမှဆောင်ပါမည်။

အရစ်ကျစနစ်ဖြင့်ငွေပေးသွင်းနိုင်ပါသည်။

"ရောင်းချလျက်ရှိပါသည်"

အရောင်းခန်းမ
Golden Flower Plaza
...
ရန်ကုန်မြို့။
ဖုန်း-၂၂၀၀၂၄၊ ၂၂၀၀၂၅၊ ၂၂၀၀၂၆

လေလံတင်ရောင်းချရန်ကြော်ငြာ

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်တံတား ၇၃စင်းအား ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်း လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

နိုင်ငံတော်ပိုင်တံတားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စီမံကိန်းဝင်တံတားများ

၁။ ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
၂။ ရွှေလီတံတား(ရွှေကူမြို့)
၃။ မိုးကောင်းတံတား(မိုးကောင်းမြို့)
၄။ သံလွင်တံတား(ဘားအံမြို့)
၅။ ဂျိုင်း(ကော့ကရိတ်)တံတား(ဘားအံမြို့)
၆။ မဲဇာတံတား(ကသာမြို့)
၇။ ချင်းတွင်းတံတား(မုံရွာမြို့)
၈။ နဝဒေးတံတား(ပြည်မြို့)
၉။ ခပေါင်းတံတား(တောင်ငူမြို့)
၁၀။ စစ်တောင်းတံတား(ရွှေကျင်မြို့)
၁၁။ အနော်ရထာတံတား(ချောက်မြို့)
၁၂။ ရောဝတီ(မကွေး)တံတား(မင်းဘူးမြို့)
၁၃။ ဂျိုင်း(ဇာသပြင်)တံတား(မော်လမြိုင်မြို့)
၁၄။ အတ္တရံတံတား(မော်လမြိုင်မြို့)
၁၅။ ကစ္ဆပနဒီတံတား(ကျောက်တော်မြို့)
၁၆။ ရာမောင်တံတား(မင်းပြားမြို့)
၁၇။ မင်းချောင်းတံတား(စစ်တွေမြို့)
၁၈။ အမ်းကြိုးတံတား(အမ်းမြို့)
၁၉။ အောင်ဇေယျတံတား(လှိုင်သာယာမြို့)
၂၀။ ရွှေပြည်သာတံတား(လှိုင်သာယာမြို့)
၂၁။ တာကော်အက်တံတား(တန့်ယန်းမြို့)
၂၂။ မအူပင်တံတား(မအူပင်မြို့)
၂၃။ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်းမြို့)
၂၄။ မြောင်းမြတံတား(မြောင်းမြမြို့)
၂၅။ လပွတ္တာတံတား(မြောင်းမြမြို့)
၂၆။ ဥတိုတံတား(ပုသိမ်မြို့)
၂၇။ ဒါးကတံတား(ကျောင်းကုန်းမြို့)
၂၈။ ဒေးဒရဲတံတား(ဖျာပုံမြို့)
၂၉။ ဝါးခယ်မတံတား(ဝါးခယ်မမြို့)
၃၀။ ရွှေလောင်းတံတား(ဝါးခယ်မမြို့)

သာမန်တံတားများ

၁။ ဒုံသမိတံတား (ဘားအံမြို့)
၂။ ဗားရိတံတား (ဖလမ်းမြို့)
၃။ ညောင်ပင်ဝန်းတံတား(စစ်ကိုင်းမြို့)
၄။ သမရိုးတံတား(ဝက်လက်မြို့)
၅။ ကမြောကင်းတံတား(ထားဝယ်မြို့)
၆။ ဝင်းဝတံတား(သရက်ချောင်းမြို့)
၇။ ပုလောတံတား(ပုလောမြို့)
၈။ ပလောက်တံတား(ပုလောမြို့)
၉။ ကောလိယချောင်းတံတား(ပဲခူးမြို့)
၁၀။ ကွင်းချောင်းတံတား(ဖြူးမြို့)
၁၁။ ဖြူးချောင်းတံတား(ဖြူးမြို့)
၁၂။ သူရဲတန်းတံတား(ပန်းတောင်းမြို့)
၁၃။ ကျွန်းကလေးတံတား(လက်ပံတန်းမြို့)
၁၄။ ရဲနွယ်တံတား(ညောင်လေးပင်မြို့)
၁၅။ ပင်းချောင်းတံတား(ရေနံချောင်းမြို့)
၁၆။ ယင်းချောင်းတံတား(မကွေးမြို့)
၁၇။ ကုက္ကိုခွတံတား(တောင်တွင်းကြီးမြို့)
၁၈။ မုန်းချောင်းတံတား(ပွင့်ဖြူမြို့)
၁၉။ မန်းချောင်းတံတား(မင်းဘူးမြို့)
၂၀။ နွယ်တမယ်တံတား(စလင်းမြို့)
၂၁။ ကိုးပင်တံတား(ဆင်ပေါင်ဝဲမြို့)
၂၂။ ဘွက်ကြီးတံတား(အောင်လံမြို့)
၂၃။ ကန်လည်တံတား(မင်းတုန်းမြို့)
၂၄။ ယောချောင်းတံတား(ဆိပ်ဖြူမြို့)
၂၅။ နားငှောင်းကျတံတား(ပုသိမ်ကြီးမြို့)
၂၆။ မြစ်ငယ်တံတား(စဉ့်ကိုင်မြို့)
၂၇။ စမုံပေါက်တံတား(မြစ်သားမြို့)
၂၈။ သူရဲချောင်းတံတား(ပျော်ဘွယ်မြို့)
၂၉။ စမုံတံတား(ဝမ်းတွင်းမြို့)
၃၀။ တံငါတံတား(မတ္တရာမြို့)
၃၁။ ရေးချောင်းတံတား(ရေးမြို့)
၃၂။ ဘီးလင်းတံတား(ဘီးလင်းမြို့)
၃၃။ ရွှေလှေတံတား(သံတွဲမြို့)
၃၄။ ကျိန္တလီတံတား(ဂွမြို့)
၃၅။ ပုဇွန်ဖြေတံတား(သံတွဲမြို့)
၃၆။ ဘုရင့်နောင်တံတား(လှိုင်သာယာမြို့)
၃၇။ တာကော်တံတား(ကွန်ဟိန်းမြို့)
၃၈။ ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
၃၉။ မိုးတေတံတား(သီပေါမြို့)
၄၀။ သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)
၄၁။ ကျောင်းကုန်းတံတား (ကျောင်းကုန်းမြို့)
၄၂။ ခဲပေါင်တံတား(ကျုံပျော်မြို့)
၄၃။ ငဝန်တံတား(ရေကြည်မြို့)

လေလံယှဉ်ပြိုင်လိုသူများသည် တံတားတည်ရှိရာ သက်ဆိုင်ရာတိုင်း၊ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါ သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

---

① Computerized Accounting(12Weeks)

M.Y.O.B -

IBM နှင့် Apple Computer

❖ Software ❖

② Basic Computer Course (7 Weeks)

Apple နှင့် IBM-PC Window System

☎ 240456

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁

၁။ဒေါ်စောစောထွန်း နှင့်	၁။ဦးသိန်းအောင်
၂။ဒေါ်ခင်ဆွေမြင့်	အမှတ်-၄၆၄(မြင့်ဂေဟာ)၊ (၅)ရပ်ကွက်၊
(၄င်း၏အခွင့်ရကိုယ်စားလှယ်	ပုဇွန်တောင်မြို့နယ်၊အောက်ပုဇွန်တောင်
ဒေါ်စောစောထွန်း)	လမ်းမကြီး၊ ရန်ကုန်မြို့။
အမှတ်-၄၂၊ ဇေယျဝတီလမ်း၊	၂။ဦးကြည်ညွှန့်
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	တိုက်(၆)၊ အခန်း(၁၀၃)၊ အေးရိပ်မွန်အိမ်ရာ၊
	လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
တရားလိုများ	**တရားပြိုင်များ**

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီးနေ ဦးသိန်းအောင်နှင့် လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၀၃)နေ ဦးကြည်ညွှန့် (ယခုနေရပ်လိပ်စာမသိသူများ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်စောစောထွန်းနှင့် ဒေါ်ခင်ဆွေမြင့်တို့က ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၇၁၅/၂၀၀၂)နှင့် မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၉၂/၂၀၀၂)တို့အား ပယ်ဖျက်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ခုနှစ်၊ ဧပြီလ ၂၂ရက် (၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုရှင်းလင်းဖြေရှင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၂၀၀၄ခုနှစ်၊ မတ်လ(၂၂)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

Airways Express

☎ 248871

အထူးလျှော့ဈေး

S.14

ZENITH

CDMA

ELITE Engineering Group

Programmable Logic Controls (P.L.C)

Job Opportunities

(For Local Service Only)

We are seeking suitable and capable candidates for the following positions.

1.Deputy General Manager — One Post

Must have good computer knowledge.

Must have good commend in spoken and writing English Language.

2.Front Office Manager — Two Posts

Must have good commend in spoken English Language.

For the above Positions must have the Hotel and Restaurant background and experiences for minimum 3 years.

Salary is Local Currency only.

Applications are to be submitted personally within two weeks from this announcement and attached the followings.

Curriculum Vitae, one P/P size photograph, copy of degree or diploma, the origional testimonial from the Township Police Station, copy of labour registration Card.

Contact Address:Green Elephant Restaurant No.519(A) Thiriningalar Lane (Attia Road) Kamayut Township, Yangon, Myanmar

---

DAGON MYANMAR

April (11)

Ph: 01-580962, 558911,



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

-အခြေခံ ယာဉ်မောင်းသင်တန်း အပတ်စဉ်(၁၄၁)ကို ၂၂-၄-၂၀၀၄ နေ့တွင်ဖွင့်မည်။

-၂၉-၃-၂၀၀၄နေ့တွင် စတင်လက်ခံပါမည်။

-၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။

သင်မောင်းလိုင်စင်နှင့်"ခ"လိုင်စင် ရရှိရေး ဆောင်ရွက်ပေးသည်။

-သင်တန်းတက်ရောက်ရန်အခက်အခဲရှိသူများအတွက် သီးခြားစီစဉ်ပေးသည်။

-စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ၂၄-၄-၂၀၀၄နေ့တွင်ဖွင့်မည်။

-နယ်မှ သင်တန်းသားများ ဘော်ဒါရှိသည်။

အမှတ်- ၂၄၀(၅)၊ စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

စုံစမ်းရန်ဖုန်း-၀၁-၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁-၄-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း၊ ၂။အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။တွင်ခုံ/ဖောက်ခုံသင်တန်း၊ ၂။ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း၊ ၃။အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း၊ ၄။ခေတ်မီမော်တော်ယာဉ်ငယ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာပြုပြင်ခြင်းသင်တန်း၊၅။အဆင့်မြင့်ဓာတ်ငွေ့ဂဟေဆက် သင်တန်း (လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ဂဟေဆက်၊ Tigနှင့် Migဂဟေဆက်)၊ ၆။အခြေခံလေအေးပေးစက်ပြုပြင်ထိန်းသိမ်းမှုသင်တန်း။

တည်နေရာ-ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ (မဟာဗန္ဓုလတံတားအနီး)တယ်လီဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

အသင်း(၁) ရွှေပြည်သာ

ရက် - ၄-၄-၂၀၀၄
အချိန် - ၉:၀၀ နာရီ
နေရာ - အထက(၁)ရွှေပြည်သာ

OD Tour

April 1,9,10,11 12,14,23 OD Style

No.52

M C C

ကွန်ပျူတာအခြေခံသင်တန်း

✔ Software Engineering, Network Engineering, Web Developer Courses

MCSA Exam:

ဝန်ထမ်းအလိုရှိသည်
၁။ Marketing (မ) ၉ ဦး
၂။ အဆိုတော် (မ) ၉ ဦး
၃။ Graphic Designer (ကျား/မ) ၁ ဦး

GRACE TRAINING AND SERVICE CENTRE

29.3.04

☎ 707956

Ruby ☎ 725317, 650823

Ph: 245496

CAR RENTAL SERVICE

မြို့တော်ဂေါက်ကွင်းရေကူးသင်တန်း
မြို့တော်ဂေါက်ကွင်း၊ ရေကူးကန်
သီရိမင်္ဂလာလမ်း၊ အင်းစိန် Ph: 643508
သင်တန်းစမည့်နေ့ (၁-၄-၂၀၀၄)

March 20-30
April 11-16
Ph: 282989, 593337
593338

အသည်းရောင်အသားဝါ B ပိုး C ပိုး

အကောင်းကြိုက်သူများ

တင်တင်အေး(ထိပ်တန်း) မုန့်ဟင်းခါးအထူးအော်ဒါမှာလိုသူများ အမှတ်(971-B)၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း-၆၆၄၄၅၀၊ ၀၉ ၈၀ ၂၄၄၃၀
ဦးကျော်မြင့်-ဒေါ်တင်တင်အေး
တင်တင်အေး(ထိပ်တန်း) မုန့်ဟင်းခါးပင်ရင်း။

(၂)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း

ဒေါ်သီ(၆၉)နှစ်

ရွှေမန်းဟိုတယ်(ရွှေစက်တော်-စကုမြို့)

အချစ်ဆုံး ကျေးဇူးရှင်မေမေ ခင်ပွန်း၊ သားသမီး၊ မြေးများကို ခွဲခွာသွားသည်မှာ ၂၉-၃-၂၀၀၄ရက်တွင် (၂)နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း တစ်နေ့မှ မေ့မရနိုင်ပါ။ မေမေအတွက်ရည်စူး၍ အားလုံးပြုသမျှကုသိုလ် ကောင်းမှုများကြောင့် မြင့်မြတ်ငြိမ်းချမ်းတဲ့ ဘုံဘဝကနေ အေးချမ်းစွာသာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ---။

ချစ်မေမေရေ အမှျ-အမှျ-အမှျ...။
ချစ်ခင်ပွန်း - ဦးအိတင်
ချစ်သားကြီး - ကိုကြည်မြင့်-မကြူကြူ
ချစ်သမီးကြီး - ကိုတင်ဝင်း-မအေးအေးမြင့်
ချစ်သားလတ် - ကိုတင်မြင့်-မဖြူဖြူ
ချစ်သားငယ် - ကိုစိန်မြင့်-မစန္ဒာမြိုင်
ချစ်သမီးထွေး - မလဲ့လဲ့ခိုင်(ခ)မသီတာ။

သကြန်အလှ

ချစ်ဝင်း

ကားရောင်းမည်

1. TOYOTA KE.30 စျ/---
2. TOYOTA MARK II စျ/---
3. TOYOTA ဒိုင်နာ ဘ/---
ရုံး-၂၄၉၀၂၉၊ ၀၉ ၅၀၀ ၅၈၀၂။

အမြန်ဝယ်လိုသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၃-၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)၊ ကော်လံ(၁)ပါ ကန့်ကွက်နိုင်ပါသည် ၂၈/၂၇၂၇ကြော်ငြာတွင် မော်တော်ဆိုင်ကယ်အစား မော်တော်ယာဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	CG	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	E 3	S ½ of II 1	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	A	[illegible]	Lim Ee Teong	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	A	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	F	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	B	S Quarter of II 8	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	A	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	Z	[illegible]	Ong Taung Lyup	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	E	S ½ of III 6	[illegible]	[illegible]
[illegible]	United Estate Group Co.,Ltd.	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	D	A	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	E	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	15C	[illegible]	Ma Kyi	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	10A	[illegible]	Lee Eng Hoang	[illegible]

ဦးရည်စာ တောင်ဒဂုံ
ဗိုလ်တထောင် ကုန်တိုက်ကြီး
အရှေ့ဒဂုံ
(မြောက်ဒဂုံ)

Yan Aung

စားပွဲနှင့် ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများ တွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်သောင်းကြည် +၃	၁၂/မဂတ(နိုင်)၀၃၄၅၉၈	အမှတ် - ၁၇ ၊ သစ္စာလမ်း	မင်္ဂလာတောင်ညွန့်	၁၁- G	၆၁၊၆၂	ဦးအောင်ကိုး + ၄	ဂရန်ခွဲ
၂။	ဦးတင်မောင်အေး	၁၂/မဂတ(နိုင်) ၀၃၆၉၁၅	အမှတ် - ၁၉ ၊ သစ္စာလမ်း	မင်္ဂလာတောင်ညွန့်	၁၁- G	II - ၆၀	ဦးအောင်ကိုး + ၄	ဂရန်ခွဲ
၃။	ဦးတင်ရွှေ	၁၂/သဃက(နိုင်)၀၁၆၄၂၃	(၇၂၄)၊ ရွှေနားယန်တုရားလမ်း၊ ၈/တောင်ရပ်ကွက်	သဃ်န်းကျွန်း	၂၀	၅၃ - G	ဒေါ်ကြင်	အမည်ပြောင်း
၄။	ဒေါ်လှရီ	၁၂/ဗဟန(နိုင်) ၀၀၃၈၇၀	၃၄L၊ စမ်းချောင်းလမ်း၊ ဗဟန်း	ဗဟန်း	၃၅အီး၀	၅၉F/၂B၀	ဒေါ်ဖွား	အမည်ပြောင်း
၅။	ဦးကျော်မင်း	၁၃/ကခန(နိုင်) ၀၃၃၆၆၃	၁၁၂၀၊ ကန်သာယာ(၁)လမ်း၊ ၃၅ရပ်ကွက်	ဒဂုံမြောက်	၃၅	၁၁၂၀	ဒေါ်ကြည်အေး	မြေပုံကူး
၆။	ဒေါ်စန်းစန်းဆင့်	၁၂/ကတတ(နိုင်)၀၁၈၂၄၆	၄၅၊ သုခမလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်	ဗဟန်း	၃၅စီ၇	၅၅၃	ဦးလှအောင်	အမည်ပြောင်း
၇။	ဦးသိုး	၁၂/ဗဟန(နိုင်)၀၅၅၂၇၇	(၆၂/က)၊ သုဓာ(၂) လမ်း၊ (၄)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၆၂ (က)	ဒေါ်ဩဒ်န်းညွန့်	ဂရန်မိတ္တူ
၈။	ဗိုလ်ကြီးသိမ်းအောင်(ငြိမ်း)	၁၂/လမန(နိုင်) ၀၂၇၁၈	၂၅၊ မြောင်းမြလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	အင်းစိန်	၆ဒီ၄၊၁၅၊၁၆	၃၅၅	ဗိုလ်ကြီးသိမ်းအောင်	ဂရန်သစ်
၉။	ဦးခင်မောင်	၁၂/ရပသ(နိုင်) ၀၁၃၉၉၇	ဝါဆိုဦး (၂)လမ်း၊ ဖော့ကန် ၊ အင်းစိန်	အင်းစိန်	၃၉၉/က	၆/၄၀	ဒေါ်ကြည်သင်းကြည်	အမည်ပြောင်း
၁၀။	ဦးစိုးမြင့်	၁၄/ဗပန(နိုင်)၀၀၂၀၁၉	၁၄ - ပျဉ်းမလမ်း	ကြည့်မြင်တိုင်	၂၅အီး၇	V - ၃၉	ဒေါ်ခင်မမ	အမည်ပြောင်း
၁၁။	ဒေါ်မြမြင့်ဇော်	၁၂/သဃက(နိုင်)၀၁၂၇က	(၉၄၂/ခ) ၊ သုမေဓာလမ်း၊ (ဈ)ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ဈ	၉၄၂(ခ)	ဒေါ်စန်းရင်	အမည်ပြောင်း
၁၂။	ဒေါ်နန်းတောင်	၁၂/မရက(နိုင်) ၀၂၄၁၀၅	၂၂၅၊ ပင်လုံလမ်း ၊ ၃၀ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၀	၂၂၅	ဦးစောပဒီး	အမည်ပြောင်း
၁၃။	ဒေါ်မြို့အေး	၁၂/မဂဒ(နိုင်) ၀၀၇၉၇၂	ခ - လ - ရ (၁၃)၊ ဆောက်ပြီး	ဒဂုံတောင်	၁၅၄	၁၂၃၀	ဦးကျော်စွာ	ဂရန်သစ်
၁၄။	ဦးဟန်ထွန်း	၁၄/မမက(နိုင်)၀၀၀၂၂၉	ဂ၅၊ ညာစ္စာသဃလမ်း၊ ကျောက်မြောင်း ၊ တာမွေ	ဒဂုံတောင်	၁၅၂	ဂဂ၁	ဒေါ်တင်တင်ရွှေ	ဂရန်သစ်
၁၅။	ဦးကျော်ကျော် + ၁	၁၂/အစန(နိုင်)၀၆၆၉ဂ၂	(ဂ၄၁) ၊ (၁၀) လမ်း၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၃	ဂ၄၁	ဒေါ်ကိုလေး	မြေပုံကူး
၁၆။	ဒေါ်ခင်နှင်းဝေ + ၁	၁၂/စခန(နိုင်) ၀၀၆၁၁၁	၃၄ ၊ကျောင်းကုန်းလမ်း	စမ်းချောင်း	၂ဂ D	၁၁၅	ဦးသိန်းဝေ + ၁	ဂရန်တိုး
၁၇။	ဦးဟန်ဇော်	၁၂/သကတ(နိုင်)၀၀၁၉၉၆	၇၄၅၊ ဝေဇယန္တာ (၁ဂ)လမ်း၊ ၆/အနောက်၊သာကေတ	သာကေတ	၆/အနောက်	၇၄၅	ဦးဟန်ဇော်	ဂရန်မိတ္တူ
၁ဂ။	ဦးဝင်းနိုင် + ၁	၁၂/စခန(နိုင်) ၀၅၅၀၇၂	၇၀၊ ဦးသိုလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂ဂ အေ	၁၄၁	ဦးဝင်းကြည်	ဂရန်သစ်
၁၉။	ဒေါ်ခင်စန်းဝင်း	၁၄/ဗပန(နိုင်)၀၀၄၁၀၇	၇၄၅၊ ၁၅ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၁၅	၇၄၅	ဦးမောင်ရွှေ	ဂရန်သစ်
၂၀။	ဦးအယုဘ်(ဘ်)အာဇမ်တီလီ (ခ)အေးအေးတီလီ	၁၂/ပဘတ(နိုင်)၀၂၃၄၀၇	၁၂၆၊ ၃၄လမ်း၊ ကျောက်တံတား	ကျောက်တံတား	၁၃ E - 2	N ½ of III - 23	Gulam Md. Hashim Tillay Executors of the will of Hashim	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ရှမ်းကျောင်းကြီးတိုက် ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ

မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ သံဝရ
သိက္ခာတော်(၅၈)ဝါ၊ သက်တော် (၇၈)နှစ်

ရန်ကုန်တိုင်း၊တိုက်ကြီးမြို့၊ရှမ်းကျောင်းကြီးကျောင်းတိုက်ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သံဝရသည် (၁၃၆၅ခု၊နှောင်းတန်ခူးလဆန်း ၇ရက်) ၂၇-၃-၂၀၀၄(စနေနေ့) နံနက် ၈:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် ဆရာတော်၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို(တန်ခူးလပြည့်ကျော်၂ရက်) ၆-၄-၂၀၀၄(အင်္ဂါနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သာသန မထေရ်
သိက္ခာတော် (၂၅)ဝါ၊ သက်တော်(၆၆)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၆၇)၊ စက်ရုံလမ်း၊ အမှတ်(၂) ကျိုက်ထီးရိုးကျောင်း ဘဒ္ဒန္တ သာသန မထေရ်မြတ်သည် (၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း၇ရက်)၊ ၂၇-၃-၂၀၀၄ရက် နံနက် ၁:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ရက်) ၂၉-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပန သာစုကိစ္စ၌ ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ဆရာတော်ဦးသြဘာသနှင့်ဆွေမျိုး၊ တပည့်ဒါယကာ၊ ဒါယိကာမများ။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြရီ(၈၁)နှစ်

ရန်ကုန်မြို့၊အမှတ်(၅၁)၊၁၀၈လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစံတင်)၏ ဇနီး၊ဦးဝင်းကြည်-ဒေါ်စမ်းစမ်း၊ ဦးတင်အောင်(ခ)ဦးမြင့်ဆွေ-ဒေါ်ခင်ဝင်းကြည်၊ ဦးချစ်ကိုကို-ဒေါ်စန်းစန်းဌေး၊ ဦးအောင်သန်းကျော်-ဒေါ်ချိုချို၊ ဦးကြည်မိုး-မတူတူးတို့၏မိခင်၊ ဦးစိန်သောင်း-ဒေါ်အေးသိန်းတို့၏အဒေါ်၊ မြေး၁၁ယောက်တို့၏ အဘွားသည်၂၈-၃-၂၀၀၄ရက်ညနေ ၅ နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ(ခ)ဒေါ်ဝိုင်း
အသက်(၆၅)နှစ်
(ဒေးဒရဲ)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၁၇)နေ (ဦးထွန်းရင်-ဒေါ်ကျော့)တို့၏ သမီး၊ ဒေးဒရဲမြို့နေ (ဦးဘမောင်-ဒေါ်ခင်ကြည်)တို့၏ သမီးချွေးမ၊ ဦးမြအောင်၏ ဇနီး၊ (မောင်အောင်မျိုး)၊ မောင်မျိုးမြင့်-မမြင့်မြင့်သန်း (မင်္ဂလာဈေးသစ်)၊ မောင်စိုးအောင်၊ မခင်ထွေးအောင် (ငွေစုဘဏ်ခွဲ-၃)၊ မောင်ကျော်သိန်းလွင်၊ မောင်စောအယ်လယ်သတန်- မသင်းသင်းအောင်(မင်္ဂလာဈေးသစ်)တို့၏ မိခင်၊ မျိုးကေခိုင်မြင့်၏ အဘွားသည် ၂၇-၃-၂၀၀၄(စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၀၄ ရက်နံနက်၁၁နာရီတွင် စံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်တင့် (၆၁)နှစ်
(တပ်မတော်-ရေ၊ အငြိမ်းစား)

ဒလမြို့၊ အမှတ်(၂၉)၊ နှင်းဆီမြိုင်လမ်း၊ မြို့မ(၂)ရပ်ကွက်နေ (ဦးထွန်းရင်)-ဒေါ်ခင်လှတို့၏ သား၊ (ဦးအုန်းညွန့်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်အုန်းကြည်၏ ခင်ပွန်း၊ ကိုအေးကျော်-မမိမိနိုင်၊ မစိုးစိုးမြင့်(တရားရုံးချုပ်)၊ မောင်ကျော်ဝင်း၊ မောင်ရဲဝင်း-မအေးအေးမင်းတို့၏ ဖခင် မြေးလေးယောက်တို့၏ အဘိုးသည် ၂၈-၃-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ပန်းဆိုးတန်းဆိပ်ကမ်းသမ္ဗန်ဆိပ်မှ မွန်းတည့် ၁၂ နာရီတွင် ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မလှလှဝင်း (၄၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၈) လမ်း၊ အမှတ်(၇၇/၈၉)၊ အခန်းအမှတ် (၃၀၆)နေ (ဦးအုန်းကြိုင်)-ဒေါ်ကျင်လှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ အမှတ် ၁၁၊ ပထပ်၊ (၁၃) လမ်းနေ (ဦးသိန်းကျော်)-ဒေါ်ရှုလျှန်တို့၏ သမီး၊ မောင်တင်သိန်း၏ ဇနီး၊မောင်ထွန်းကိုနိုင်(အထက-၁၊ ဒဂုံ)၊ (မောင်ထက်ခိုင်ကျော်၊ အမက-၁၊ လသာ)တို့၏ မိခင်သည် ၂၈-၃-၂၀၀၄ရက် နံနက် ၄:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၀-၃-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝေ အသက် (၄၀)

ရန်ကုန်မြို့၊ ရန်ကင်း (Duplex)၊ (၁၅၄/ခ)၊ ရန်နိုင်လမ်းသွယ်-၈၊ (၄)ရပ်ကွက်နေ (ဒုတိယဗိုလ်မှူးကြီးတင်ထွန်း)-ဒေါ်မမစိန်တို့၏ ချစ်လှစွာသောသားထွေး၊ ဦးပြုံးမောင်မောင်-ဒေါ်ခင်သီတာထွန်း၊ ဗိုလ်မှူးအေးကိုကို (ငြိမ်း)-ဒေါ်နီလာဝေ၊ ဦးမိုးမြင့်တို့၏ ချစ်လှစွာသောညီထွေးသည် ၂၇-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးရက်ကို ထပ်မံကြေညာပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဟုတ်ယို (၉၄)နှစ်

မော်လမြိုင်မြို့၊ မန္တလေးရပ်၊ ဒိုင်းဝန်ကွင်းလမ်း၊ အမှတ်(၂၆)နေ (ဦးဖန်-ဒေါ်လှ)တို့၏ သား၊ (ဒေါ်မေမေအုန်း)၏ ခင်ပွန်း၊ ဒေါ်ကျင်မွေး၊ ဦးသိန်းအောင်-ဒေါ်နွဲ့နွဲ့ရီ တို့၏ ဖခင်၊ မောင်သိန်းထွန်း-မသင်းသင်းရီ၊ (မောင်ဝင်းနိုင်)၊ အောင်မျိုးသန့်-မလှဲ့လှဲ့ထွန်း၊ မသဇင်ထွေး၊ မောင်သန်းကို၊ မောင်ပြည့်စုံ၊ မောင်နေဗလတို့၏ အဘိုးသည် ၂၈-၃-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၈:၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၉-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဝဲကလာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ
အသက်(၇၄)နှစ်
ထွန်းကုမ္ပဏီလီမိတက်
လ/ထ ဦးစီးမန်နေဂျာ
ပုဇွန်တောင် ကုန်သွယ်ရေး(ငြိမ်း)
(ပန်းတနော်)

ပန်းတနော်မြို့နေ (ဦးဘထွန်း-ဒေါ်အမာ)တို့၏ သား၊ ရန်ကုန်မြို့နေ ဦးထွန်းအောင်-ဒေါ်ခင်ခင်ထွန်း၊ ဦးတင်ဦး (အငြိမ်းစား ဆေးနှင့်ဆေးပစ္စည်း)-ဒေါ်ခင်ရီတို့၏မောင်၊ ဒုတိယဗိုလ်မှူးကြီးတင်အောင်(ငြိမ်း) - ဒေါ်ရင်ရင်ထွန်းတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ် (၂၀)၊ အထက်ပုဇွန်တောင်လမ်းနှင့် တိုက်၅/၃၀၁၊ အထက်ပုဇွန်တောင်လမ်းနေ ဒေါ်စန်းကြည်၏ ခင်ပွန်း၊ ဒေါ်ခင်ဆွေဦး (UNICO Store)၊ ဦးညီညီလင်း-ဒေါ်ကြည်ဆွေဦး (ပုဇွန်တောင် စည်ပင်)၊ ဒေါ်ခိုင်ဆွေဦး(ဆိတ်ကြီးခနောင်တို၊ အမက-၁၂)၊ ဦးသန်းဌေး-ဒေါ်လှနုဖြူ၊ ဒေါ်စုစုလှိုင်(ဗဟိုဘဏ်)၊ဦးစပ်ခွန်ကြည်-ဒေါ်ခင်မာဝင်း၊ မတင်မျိုးမြတ်နွယ်တို့၏ ဖခင်ကြီး၊မောင်ကြည်လှဟန်၊ မောင်မြတ်ဘုန်းခန့်၊ မအမ်မရာသန်းဌေးတို့၏ ဘိုးဘိုးကြီးသည်၂၈-၃-၂၀၀၄ (တနင်္ဂနွေနေ့)ည၆:၄၅နာရီတွင် နေအိမ်၌ကွယ်လွန်ပါသဖြင့် ၃၀-၃-၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ထွန်းမြင့်အောင်(ခ)
နေမျိုး (၃၈)နှစ်

အမှတ်၂၄၀၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)နေ ဦးသန်းထွန်း-(ဒေါ်သန်းမြင့်)တို့၏ သားငယ်၊ ကိုအောင်သိန်းဝင်း(ခ)ကိုဝင်း၏ ညီ၊ အမှတ်၃၃၂၊ အောက်ပုဇွန်တောင်လမ်းနေ ကပ္ပတိန်ဦးတင်လတ် - ဒေါ်ချိုချိုတို့၏ သမက်၊ ၈/၃၆၁၊ ရွှေနေကြာလမ်း၊ စဝ်စံထွန်းရပ်ကွက် နေ မလင်းလင်းလတ်(ခ)မရွှေရည်သန့်၏ခင်ပွန်း၊ နေမျိုးအိန္ဒြေ၏ ဖခင်သည် ၂၃-၄-၂၀၀၄ရက်နံနက်၄နာရီတွင် စဝ်စံထွန်းဆေးရုံတွင်ကွယ်လွန်ပါ၍ ၂၅-၃-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသူရိယ(ခ)ဦးသောင်းအေး
သိက္ခာတော်(၄)ဝါ
သက်တော်(၆၃)နှစ်
မဓူပိယကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၄၇)နေ (ဦးကြီးစိန်)-ဒေါ်မမကြီးတို့၏ သား၊ (ဦးစိုးမြင့်)-ဒေါ်စိန်တင်တို့၏ တူ၊ ဦးမောင်မောင်တင်-ဒေါ်မနီ၊ ဦးမြကျော်-ဒေါ်ခင်ဌေး၊ ဦးမြင့်အောင်-ဒေါ်သန်းဝင်း၊ ဒေါ်သန်းအေး၊ ဦးကြည်စိုး-ဒေါ်ယမင်းသူဇာလွင်တို့၏ အစ်ကို၊ တူ၊ တူမခုနစ်ယောက်တို့၏ ဦးလေးသည် ၂၇-၃-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အနောက်ပိုင်းဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောက်တန်းမြို့နယ်အသင်း(ရန်ကုန်)
ဆရာမကြီးဒေါ်သန်းကြည်
အသက် (၈၆)နှစ်

ကျောက်တန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဌာနာလမ်းနေ ရာသက်ပန်အသင်းဝင် ဆရာမကြီး ဒေါ်သန်းကြည်သည် ၂၇-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၃-၂၀၀၄ရက်ညနေတွင်ဂြိုဟ်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင် ကြပါရန်။

အမှုဆောင်အဖွဲ့။

ဒေါ်မှီ (၈၃)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ဟေမဝန်လမ်း၊ အမှတ် (၁၈၉)နေ ဒုတိယရဲမှူးတင်အောင် (ငြိမ်း)၏ ဇနီး၊ (ဦးခင်မောင်ပု)-ဒေါ်အေးမှင်၊ (ဒေါ်သန်းကြည်)၊ (ဆရာမဒေါ်ရီ) တို့၏ ညီမ၊ (ဒေါ်နုနု)၊ (ဦးခင်မောင်စု-ဒေါ်ခင်ပု)တို့၏ အစ်မ၊ ရဲအုပ်မျိုးအောင် (မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အိမ်မဲ)-ဒေါ်နီနီမြင့်၊ ဦးကြည်အောင်-ဒေါ်ဖြူဖြူခင်တို့၏ မိခင်၊မြေး၄ယောက်တို့၏ အဘွားသည် ၂၈-၃-၂၀၀၄(တနင်္ဂနွေနေ့) ၁၀:၃၀နာရီ တွင်ကွယ်လွန်ပါ၍ ၃၀-၃-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အမာ(၇၁)နှစ်
(နန်းမိုင်)၊ မောက်မယ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ်(၄၇)၊ပထမထပ်(ယာ)ခန်းနေ (ဦးစောဝင်း)၏ဇနီး၊ (ဦးစန်နွဲ့-ဒေါ်နန်း)တို့၏သမီး၊ (ဦးဂေါ်တုန်-ဒေါ်စိန်ဌေး)တို့၏ ချွေးမ၊ (ဦးလှဝင်း)-ဒေါ်ရီ၊ ဒေါက်တာခင်မောင်ညွန့်-ဒေါ်လှလှခင်တို့၏ အစ်မ၊ ဦးသန်းဝင်း-ဒေါ်မေရီထူး၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်မာကြည်တို့၏ မိခင်၊ မောင်ဇေယျာဘိုဘို၊ မောင်ရဲမင်းသူ၊ မောင်အောင်စိုးဝင်း၊ မောင်စိုင်းနေဝင်း၊ မောင်မြတ်စိုးဝင်း၊ မောင်သူရိန်ထူး၊ မရွှေယမင်းဦးတို့၏ အဘွားသည် ၂၇-၃-၂၀၀၄ရက် နံနက် ၁၁:၄၀နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးစောအော်ရီး(ခ)
ဦးစောသောင်းတင်
အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး(ငြိမ်း)
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)
အသက်(၆၈)နှစ်

ပုသိမ်မြို့နေ (စောအယ်လင်အော်ရီး-နော်စိမ်းညွန့်)တို့၏ သားထွေး၊ (နော်စတယ်လာအော်ရီး)၏ မောင်၊ (စောရောဘတ်အော်ရီး)၏ ညီ၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ နွယ်နီ (၁၁)လမ်း၊ အမှတ် (၄၃၁)နေ နော်ရှယ်လီဟားရေ၏ ခင်ပွန်း၊ စောရှမိုအေးလ-နော်ပုလဲ၊ စောသိုးမား-မမိုးမိုး၊ စောယိုးနသာ၊ နော်နိုရင်း-ဦးသန်းဝင်း၊ နော်ရှီးလာသောင်းတင်-ဝမ်ဂွမ်ချိုးတို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုး ဦးစောသောင်းတင်သည် အထက်ပါ နေအိမ်၌ ၂၇-၃-၂၀၀၄ရက် ည ၁၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဗေသလ ကရင်နှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရွှေသီး အသက်(၇၀)
နိုင်ငံခြားရေးဝန်ကြီးဌာန (ငြိမ်း)
(မောင်တော၊ နတ်မြစ်)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ် ၈၅(A)နေ (ဦးတရုတ်ဖြူ)-ဒေါ်စိန်ဖြူ)တို့၏ သား၊ ဦးပြည်စိုးအောင်-ဒေါ်မြရီတို့၏ သားသမက်၊ (ဦးသာဘ)-ဒေါ်သန္တာညို၊ (ဦးအောင်ထွန်းရီ - ဒေါ်စံဝင်းဖြူ)၊ (ဦးကျော်နိုင်)-ဒေါ်ကရင်ဖြူ၊ (ဦးအောင်မင်းသာ)-ဒေါ်မမလေး၊ ဦးရွှေသာ-ဒေါ်တင်ရီတို့၏ညီ/မောင်၊ (ဦးမောင်ဖြူ)-ဒေါ်လှဖြူ၊ ဦးစိန်ကျော်ဖြူ-ဒေါ်ဒွေးဖြူတို့၏ အစ်ကို၊ ကိုရွှေနု (နိုင်ငံခြားရေးဝန်ကြီးဌာန)-မသီဂိစော၊ မသန်းသန်းရွှေတို့၏ မွေးသဖခင်၊ မောင်သူရိန်ထွန်း၏ အဘိုးရင်၊ ဒေါ်ငွေနုစိန်၏ ခင်ပွန်းသည် ၂၇-၃-၂၀၀၄ (စနေနေ့)နံနက် ၁၁:၄၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြလွင် အသက်(၈၀)
(မင်းလှမြို့၊ ထန်းပင်ကုန်း)

မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ (ဦးဘကျင်-ဒေါ်သိန်း)တို့၏ သမီး၊ သာယာဝတီမြို့နေ (ဦးခ-ဒေါ်လှ) တို့၏ချွေးမ၊ အင်းစိန်မြို့၊ မြို့သစ်က(၇) လမ်း၊ အမှတ်(၁၇၉/၁၈၀)နေ ဦးအောင်ကြီး(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ MEPE)-ဒေါ်ကြူကြူ(စက်မှုအထက၊ အောင်ဆန်း၊ငြိမ်း)၊ဦးမောင်ကို-(ဒေါ်မူမူ)၊ ဦးအုန်းသွင်(G.T.C-အောင်ဆန်း)-ဒေါ်ဝင်းဝင်းဌေး၊ဦးစိုးအောင်(MEPE၊ ရန်ကုန်တိုင်း၊ ပုံဆွဲ)-ဒေါ်ခင်မာချို၊ ဦးမောင်မောင်လွင် (MEPE၊ တွံတေး)-ဒေါ်အေးမာလာ၊ ဦးထွန်းထွန်း(MEPE၊ မော်တော်ယာဉ်)-ဒေါ်ယဉ်ယဉ်ထွန်း တို့၏ မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွား၊ (ဦးလှမောင်)၏ ဇနီး၊ ဒေါ်မြလွင်သည် ၂၇-၃-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အာလ်ဟာဂျ်အရွှတ်
မိုဟာမက်ပတေးလ်
အသက်(၆၂)နှစ်

မန္တလေးမြို့၊ အမှတ်(၂၀၀/၇)၊ ငပိတန်းလကျားရပ်နှင့် ရန်ကုန်မြို့၊ (၆၉/E)၊ (၆)မိုင်ခွဲနေ (ဟာဂျီအမ်အီးပတေးလ်-ဟာဂျီမအမီနာဘီဘီ) တို့၏ သား၊ ဟာဂျီမဟာဇရာဘီဘီ(ဘိုလတ်အထွေထွေလုပ်ငန်း ကုမ္ပဏီလီမိတက်)၏ ခင်ပွန်း၊ ဟာဂျီအာမက်ပတေးလ်၊ ဟာဂျီမဟာဝါဘီဘီ၊ ဒေါ်ဂိုရီဘီဘီ၊ ဒေါ်ချိုချိုတီဘီဘီ၊ ဟာဂျီဦးဆူလမန်ပတေးလ်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့နေ (ဟာဂျီအိစ်ဟာက်ပတေးလ်)၊ မန္တလေးမြို့နေ (ကာစင်ပတေးလ်)၊ ဟာဂျီရာကွတ်ပတေးလ်တို့၏ ညီ၊ ဟာဂျီအရွှတ်ပတေးလ်သည် ၂၇-၃-၂၀၀၄ရက် နံနက် ၅:၃၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၀၁၉၂၊ စီမံ/ငွေစာရင်း-၂၉၀၁၉၆၊ ဖြန့်ချီရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၆၅၇၊ ပုံနှိပ်-၂၉၂၈၃၀။ R/184

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ပြီး နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးရန်ဆောင်ရွက် တရားမဝင် စီးပွားရှာမှု၊ တရားမဝင်ကုန်သွယ်မှုနှင့် သဘာဝသယံဇာတများ ခိုးထုတ်မှုများ တားဆီး လူမှုရေး၊ ဖွံ့ဖြိုးရေး၊ စိတ်ဓာတ်ရေးရာ စသည့် အမျိုးသားရေးကဏ္ဍသုံးရပ်ကို အခိုင်အမာတည်ဆောက်

ရန်ကုန် မတ် ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့်ဒုတိယတရားသူကြီးချုပ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့နယ်စပ်ဒေသများနှင့် အစွန်အဖျားဒေသများတွင် တာဝန် ထမ်းဆောင်ကြရမည့် အရာရှိများကို မိမိတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မှန်ကန်သော ရပ်တည်ချက် သဘောထားဖြင့် မှန်မှန်ကန်ကန် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နိုင်စေရန် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

ကြည့်ရှုစစ်ဆေး

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် တိုးချဲ့ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းနှင့် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၈

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ အေရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က အလျား ၈၃၂ ပေ၊ အနံ ပေ ၃၀၀ ရှိမည့် တိုးချဲ့ပင်မလေဆိပ်အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံ၏ ပိုင်လုပ်ငန်းပြီးစီးမှုအခြေအနေ၊ ရေရရှိရေး၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

မြို့မတံတား

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ပြီး မတ် ၂၄ ရက်က ဖွင့်လှစ်လိုက်သော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားကို တွေ့ရစဉ်။ (သတင်း–၁၂)

(သတင်းစဉ်)